ကြေးမုံ The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ စနေနေ့၊ (15-1-2005) (၄၄၇၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲက သုတေသနဆောင်ရွက်ရမည့် ဦးစားပေးရောဂါ(၆)မျိုးကို လမ်းညွှန်ထား ထက်မြက်သည့် ကုထုံးများ၊ ဆေးဝါးများဖော်ထုတ်ရာတွင် တိုင်းရင်းဆေးသုတေသနနှင့် ဆက်စပ်လုပ်ဆောင်

အသစ်ပေါ်ပေါက်လာသည့် ကူးစက်မြန်ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒီဝကလမ်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ရှိ ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် ပထမဆုံး ဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၃) (အလုံ) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး(ကမ်းလွန်) ဦးမြင့်ဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့သုံးအရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးများ၊ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး(ကမ်းလွန်)ဦးမြင့်ဌေးက ဓာတ်ငွေ့သိုလှောင်ပုံနည်းစနစ်၊ ဖိအားမြှင့်စက် ကွန်ပရက်ဆာ (Compressor)၏ စွမ်းဆောင်ချက်များ၊ ဓာတ်ငွေ့ဖြည့်စက်(Dispenser)၏ ဓာတ်ငွေ့ဖြည့်သွင်းပေးမှုနှင့်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✧

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

☆ *စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေး နိုင်ငံသားအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်းထမ်းဆောင်*

(ခေါင်းကြီး) စာမျက်နှာ (၂)

☆ *အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားတဲ့ အခြေခံမူ(၁၀၄)ချက်ဟာ ယခင်ပေါ်ပေါက်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ သမိုင်းအတွေ့အကြုံများ၊ နိုင်ငံတကာအတွေ့အကြုံများအပေါ် လေးနက်စွာ သင်ခန်းစာယူပြီး ပကတိမြန်မာ့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ရေးဆွဲချမှတ်ခဲ့တာ ဖြစ်ပါတယ်။*

*အောင်မိုးစံ၏ **"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်အတည်ပြုပြဋ္ဌာန်းသွားရေး"***

(ဆောင်းပါး) စာမျက်နှာ (၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

15-1)inter.P65 1 1/2/32, 14:08

ကြေးမုံ The Mirror

၁၅-၁-၂၀၀၅
(စနေနေ့)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေး နိုင်ငံသားအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်းထမ်းဆောင်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ ကြိုးပမ်း အားထုတ်မှု၊ တိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော် အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်းကြီးသုံးရပ်တွင်ပါဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိရာ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာ ပေါ်ထွန်းလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီလ ၁၁ ရက်နေ့က ကရင်ပြည်နယ်အတွင်းသွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်လမ်းကြောင်းများ စနစ်တကျဖြစ်ထွန်းလာရေးတို့အတွက် လေ့လာကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခရီးစဉ်အတွင်း မြဝတီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေပြီဖြစ်ရာ နိုင်ငံသားအားလုံးအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ကြရေး** မှာကြားခဲ့သည်။

မြဝတီမြို့သည် နယ်စပ်မြို့ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတို့ အချင်းချင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပါသည့်တံခါးပေါက်တစ်ခုဖြစ်သည်။ ထို့ကြောင့် မြဝတီမြို့ကို ခရိုင်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး ခရိုင်အဆင့်မြို့အင်္ဂါရပ်များနှင့်ညီညွတ်စေရေး တိုးမြှင့်ထူထောင်ပေးလျက်ရှိသည်။

နိုင်ငံတော် အစိုးရက နယ်စပ်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ စွာတို့ကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းသာယာလာမှုနှင့်အတူ နယ်စပ်ဒေသများ၏ လုံခြုံရေးအခြေအနေများ ကောင်းမွန် တိုးတက်လာခဲ့ပြီး အုပ်ချုပ်မှုအပိုင်း၌ ပိုမိုစနစ်ကျနစေရန်လည်း စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ အကျိုးရလဒ်ကောင်းများအနေဖြင့် ဒေသနေတိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားလာသည်ကို တွေ့ရသည်။

အထူးသဖြင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရကိုယ်စား ဒေသအလိုက် တာဝန်ထမ်းရွက်နေကြသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က တိုင်းရင်းသား ပြည်သူများအပေါ် ထားရှိသည့် စေတနာနှင့်အညီ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ပြည်သူများအပိုင်းကလည်း ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်လျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးသည့် ဒို့တာဝန်အရေးသုံးပါးကို သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က နိုင်ငံတော်အတွင်း ဖြစ်ထွန်းရရှိနေသည့် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုအခြေခံကောင်းများနှင့်အညီ ယနေ့နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းထမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံများ ဝန်ကြီး ဗိုလ်ချုပ်စောလွင် လှည့်လည်ကြည့်ရှု စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ ရက်တွင် ပဲခူးတိုင်း(အနောက်) ပန်းတောင်းမြို့နယ်ရှိ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ(ဆင်တဲ)သို့ရောက်ရှိ၍ စက်ရုံရှင်းလင်းဆောင်၌ ကြီးကြပ်တာဝန်ခံ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ စက်ရုံအထွေထွေမန်နေဂျာ ဦးခင်ဇော်က စက်ရုံ၏ကုန်ထုတ်လုပ်မှုအခြေအနေ၊ ရောင်းချမှုအခြေအနေနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၏ ကျန်ရှိသည့်ကာလတွင် ထုတ်လုပ်မှုလျာထားချက် ပြည့်မီစေရေးအတွက် အရှိန်အဟုန်ဖြင့် ထုတ်လုပ်ရေး၊ ဝန်ထမ်းအဆင့်ဆင့်က တာဝန်ကိုကြိုးပမ်းဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခင်းကျင်းပြသထားသော စက်ရုံမှ ထုတ်လုပ်သည့် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် တီထွင်ထုတ်လုပ်ထားသည့် လက်ရိတ်ကောက်ရိတ်စက် အစိတ်အပိုင်းများနှင့် လက်ရိတ်ကောက်ရိတ်စက် စမ်းသပ်မှုကို ကြည့်ရှုစစ်ဆေးပြီး လက်ရိတ်ကောက်ရိတ်စက်ကို လယ်ယာလုပ်ငန်းခွင်တွင် လက်တွေ့ စမ်းသပ်ရေးနှင့် ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ကြိုတင်စီမံထားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သံရည်ကျိုအလုပ်ရုံတွင် လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသည့် လျှပ်စစ်ဂျင်နရေတာ ထုတ်လုပ်မှုအလုပ်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ တည်ဆောက်သည့် အဆောက်အအုံများ သတ်မှတ် စံချိန်စံညွှန်း ပြည့်မီရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများကို စနစ်တကျ အသုံးပြုရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၉ရက်တွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ မြန်မာ့လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (မလွန်)သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှ ကြီးကြပ်တာဝန်ခံ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်ရုံအထွေထွေမန်နေဂျာ ဦးသိန်းအောင်က လယ်ထွန်စက်၊ နောက်တွဲယာဉ်နှင့် လမ်းကြိတ်စက်များ ထုတ်လုပ်မှုနှင့် ရောင်းချမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ စက်ပစ္စည်း အစိတ်အပိုင်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးသုံး လယ်ထွန်စက် စမ်းသပ် ပြောင်းလဲတပ်ဆင်မှုများနှင့် စမ်းသပ်မောင်းနှင်မှုတို့ကို လည်းကောင်း၊ သံပုံထောင်းအလုပ်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲထားသော လယ်ယာသုံးစက်ပစ္စည်းများကို သေချာစွာ စမ်းသပ်ရေး၊ လျှပ်စစ်နှင့် စက်သုံးဆီများကို အလေအလွင့်မဖြစ်စေရန် ကြပ်မတ်သုံးစွဲရေး တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁)ရန်ကုန် အနှစ် (၄၀)ပြည့် အထိမ်းအမှတ်(၁၉၆၄-၂၀၀၄) အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ ရက်က လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါပဟိုတယ်၌ကျင်းပရာ အာစရိယပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်မွန် (ပါမောက္ခချုပ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၌ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ ခရိုင်ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အသင်းများမှ တာဝန်ရှိသူများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသည် စနစ်တကျ ဖွဲ့စည်းထားသည့် လူမှုရေး အသင်းအဖွဲ့တစ်ခု ဖြစ်ကြောင်း၊ အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းစဉ်များကို တိတိကျကျ သိရှိနားလည်သဘောပေါက်ပြီး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်ကြရန် ယခုကဲ့သို့ တွေ့ဆုံ ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ် ချမှတ်၍ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို ကြိုးပမ်းတည်ဆောက်ရင်း တစ်ဖက်ကလည်း စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်၍ တစိုက်မတ်မတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်အတွင်းရှိ မိခင်များ၊ ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီ စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အသင်းဝင်များ အားလုံး၏ လူပ်ရှားဆောင်ရွက်မှုများသည် နည်းလမ်းမှန်ကန်၍ စည်းကမ်းတကျ၊ စနစ်တကျဖြစ်ရန် လိုကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားကြရန် လိုကြောင်း။

ယခု တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် အသင်းဆိုင်ရာ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့်သူများဖြစ်သည့်အတွက် အသင်း၏ လုပ်ငန်းစဉ်များကို မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် ဒေသအတွင်းရှိ အသင်းဝင်များအား သိရှိစေရန် တွေ့ဆုံရှင်းလင်း ပြောကြားသွားကြရန် လိုကြောင်း။

အသင်း၏ လူပ်ရှားဆောင်ရွက်မှုများသည် ပြည်သူများအတွက်၊ မိခင်နှင့် ကလေးများအတွက် ကူညီစောင့်ရှောက်မှုများပေးနေခြင်း ဖြစ်ကြောင်းကို အများလက်ခံ ယုံကြည်အောင် စေတနာမေတ္တာထားပြီး ဆောင်ရွက်ကြရန် လိုကြောင်း။

ရှင်းလင်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကြီး၏ ယုံကြည်ချက်စာတမ်းအတိုင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာရှိသည့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုပေးခြင်းဖြင့် မိသားစု၏ ဘဝအဆင့်အတန်းမြင့်မားလာစေရန် စေတနာထားပြီး စည်းလုံးညီညွတ်စွာကြိုးစားဆောင်ရွက် သွားကြစေလိုကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်း၏ ဖွဲ့စည်းပုံနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မွန်ပြည်နယ်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(ဗဟို)မှ လှူဒါန်းသော ဆေးနှင့် ဆေးပစ္စည်းများ၊ ဗလာစာအုပ်နှင့် ခဲတံများ၊ အိမ်တွင်းမှုသင်တန်း အထောက်အကူပြုစာအုပ်များနှင့် စက်ဘီး ၁၀ စီးတို့ကို ပေးအပ်ရာ မွန်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား အစုအဖွဲ့အလိုက်တွေ့ဆုံ၍ အသင်း၏ လုပ်ငန်း ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းနှင့် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ရုံးသစ်သို့ သွားရောက် ကြည့်ရှုပြီးနောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒေါနရိပ်သာခန်းမ၌ ပြည်နယ်၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလူနှင့် အဖွဲ့ဝင်များ၊ ခရိုင် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အသင်းများမှ တာဝန်ရှိသူများနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အသင်း၏ ရည်ရွယ်ချက်များအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွှန့်က အသင်း၏ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သဇင်နွယ်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း (ဗဟို)မှ လှူဒါန်းသော ဆေးနှင့် ဆေးပစ္စည်းများ၊ ဗလာစာအုပ်နှင့် ခဲတံများ၊ အိမ်တွင်းမှု သင်တန်း အထောက်အကူပြု စာအုပ်များနှင့် စက်ဘီးရှစ်စီးတို့ကို ပေးအပ်ရာ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလူက လက်ခံရယူသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့်အတူ အစုအဖွဲ့အလိုက် တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြပြီးနောက် ပြည်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား ထပ်မံတွေ့ဆုံကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ညောင်ကန်အေး သာသနာ့ရိပ်သာ ငွေရတုကျောင်းတော်ဆောက်ရန် ငွေလှူ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ် (၆) ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတု ကျောင်းတော် ဆောက်လုပ်ရာတွင် ဒဂုံမြို့သစ်မြောက်ပိုင်း (၂၈)ရပ်ကွက်၊ အောင်ဒီပါလမ်း၊ အမှတ် (၃၇)နေ ဆရာကြီး ဦးတင်ဗိုလ်နှင့် သားသမီးများက ဘိုးဘွား မိဘများနှင့် ဒေါ်ရင်ရင် (ရွှေဘို) အား ရည်စူး၍ ငွေကျပ် ၁၁၀၀၀၀၊ ဒဂုံမြို့သစ်မြောက်ပိုင်း အောင်ဘောဂလမ်း အမှတ် (၂၈/၉၉၃)နေ ဒေါ်ခင်စောလွင် မိသားစုက မိခင်ဒေါ်နန်းဦးနှင့် ခင်ပွန်း ဦးအောင်ကျော်ဆင့်အား ရည်စူး၍ ငွေကျပ် ၁၀၀၀၀၀၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဦးဇင်အောင်၊ ဒေါ်မြင့်မြင့်ကြည်၊ သမီး ယမင်းအောင်၊ စန္ဒီအောင် မိသားစုက အဘွား ဒေါ်နန်းဦး ဖခင် ဦးအောင်ကျော်ဆင့်အား ရည်စူး၍ ငွေကျပ် ၁၀၀၀၀၀၊ လှိုင်မြို့နယ် ရွာမကျောင်းလမ်း၊ အမှတ် (၆)နေ ဒေါ်လှကြိုင် မိသားစုက ဦးချစ်စိန်အား ရည်စူး၍ (ဒုတိယအကြိမ်) ငွေကျပ် ၁၀၀၀၀၀၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရေကန်စုရွာနေ မယ်တော်ကြီး ဒေါ်သောင်း မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ကမာရွတ်မြို့နယ် ရွှေခတ္တာလမ်း ရွှေမာလာရိပ်မွန် (F-3) ပထမထပ်နေ ဦးစိုးမြင့်၊ ဒေါ်နုဝင်း သားသမီးမြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀၊ ကြည့်မြင်တိုင်မြို့နယ် ပိတောက်ပင်လမ်း အမှတ် ၇၉/၄ (က) နေ ဒေါ်ခင်မေလှအင်္ဂလိပ်စာဌာနမှူး (ငြိမ်း) ရန်ကင်း ပညာရေးကောလိပ်က ငွေကျပ် ၁၀၀၀၀၀ အသီးသီး လှူဒါန်းကြသည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၃၄၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရန်ကုန်မြို့ ရွှေဘုံသာလမ်း (အလယ်ဘလောက်) ဆင်ဖြူတော်ရွှေဆိုင် ဦးမြင့်ဝင်း-ဒေါ်မြင့်မြင့်ဆွေ (သား)ညွှန့်ဝင်းဇော်မိသားစုက ဒေါ်မြင့်မြင့်ဆွေ၏ မွေးနေ့အထိမ်းအမှတ် ကျပ် သုံးသိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန လမ်း (၁၆/၂)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။(က-ပ)

ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်များ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် မွှမ်းစကျေးရွာ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများတွင် တောင်ငူအေးရိပ်သာနှင့် ရန်ကုန် ပြည့်စုံအေးရိပ်သာ ပဓာနနာယက ဘဒ္ဒန္တသုဇာတဆရာတော်ကြီးမှူး၍ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဆရာ၊ ဆရာမများမှ စာကြည့်တိုက် ဖွင့်လှစ်မည်ဖြစ်ရာ သတင်းစာများ၊ မဂ္ဂဇင်းစာအုပ်များ၊ စာစောင်အမျိုးမျိုးနှင့် ဘာသာရေးစာအုပ်များ ပညာပါရမီ၊ အသိဉာဏ်ပါရမီဖြစ်စေရန် လှူဒါန်းလိုသူများသည် တောင်ငူအေးရိပ်သာ ဖုန်း ၀၅၃-၂၃၄၆၁၊ ရန်ကုန်ပြည့်စုံအေးရိပ်သာ ဖုန်း ၀၁-၆၉၀၀၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆုချီးမြှင့်

အင်းစိန် အထက(၁) မိဘဆရာ ကျောင်းသား စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည် ရန်ကုန်တိုင်း သင်္ချာထူးချွန် တတိယနှင့် မြို့နယ်ဘာသာစုံ ပထမ အပါအဝင်ဆုကိုးဆုရမရွှေမေကျော်အား ဆုချီးမြှင့်စဉ်။ (၆၁)

ဖွင့်လှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး သုတရောင်ပြန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်က ကျင်းပရာ စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင် ရှင်းလင်းပြောကြားစဉ်။ (က-ပ)

အီရတ်ရှိ ဂျပန်အခြေစိုက်စခန်းအတွင်း ရော့ကက်ဒုံးကျည်တစ်ခု ကျရောက်

တိုကျို ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံတောင်ပိုင်းဒေသ ဆမ်မာဝါမြို့ရှိ ဂျပန်ကာကွယ်ရေး တပ်ဖွဲ့စခန်းတွင်းသို့ ရော့ကက်ဒုံးကျည်တစ်ခု အင်္ဂါနေ့ညနေက ကျရောက်ခဲ့ကြောင်း၊ သို့ရာတွင် ပေါက်ကွဲမှုမရှိကြောင်း ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ ကာကွယ်ရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

သေဆုံးမှုမရှိ

ဂျပန်တပ်ဖွဲ့ဝင်များသည် အဆိုပါဒုံးကျည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်သေဆုံးမှု မရှိကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။

ပထမဆုံးအကြိမ်ဖြစ်

အဆိုပါ ရော့ကက်ဒုံးကျည်သည် အချင်း ၁၀၇ မီလီမီတာနှင့် အလျားစင်တီမီတာ ၉၀ ရှိပြီး စနက်တံပါကြောင်း၊ ပေါက်ကွဲမှုမရှိကြောင်း၊ စနက်တံပါသည့် ရော့ကက်ဒုံးကျည် ယင်းစခန်းအတွင်း ကျရောက်လာမှုသည် ပထမဆုံးအကြိမ် ဖြစ်ကြောင်း ယင်းဌာနက ထပ်လောင်းပြောကြားသည်။

ကျရောက်လာ

အဆိုပါ ရော့ကက်ဒုံးကျည်ကို စခန်း၏ အနောက်ဘက်ဒေသမှ ပစ်ခတ်ခဲ့ပြီး စခန်းအတွင်း ကျရောက်လာခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနက ယူဆလျက်ရှိသည်။

တိုက်ခိုက်မှုဖြစ်

ယင်းတိုက်ခိုက်မှုသည် ဂျပန် အခြေစိုက်စခန်းကို နဝမအကြိမ် တိုက်ခိုက်မှုဖြစ်သည်။

ယင်းစခန်းသည် လွန်ခဲ့သည့် နှစ်ဧပြီလအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထပ်မံဖြည့်ဆည်း

ယခုနောက်ဆုံး တိုက်ခိုက်မှုသည် ယခင်ပစ်ခတ်မှုများကဲ့သို့ ချိန်ကိုက်ပစ်ခတ်မှုနှင့် ဒုံးကျည် ပစ်ခတ်ရာလမ်းကြောင်းတို့မတူ ကွဲပြားမှုများရှိနေ၍ ကာကွယ်ရေးဌာနက ယင်းစခန်းတွင် လုံခြုံရေးအင်အား ထပ်မံဖြည့်ဆည်းမည်ဖြစ်သည်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့ရှိ ရုံးအဆောက်အအုံအနီး ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နေရာကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင် ပြည်ပပို့ကုန်ဝင်ငွေ တိုးတက်ရရှိ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ဝင်ငွေစံချိန်တင်

မနီလာ ဇန်နဝါရီ ၁၃

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပပို့ကုန်ဝင်ငွေသည် နိုဝင်ဘာလတွင် ၁၉ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၉ ဘီလီယံရှိကြောင်း၊ ယင်းမှာ ၂၀၀၂ ခုနှစ် ဇူလိုင်လနောက်ပိုင်း ပြည်ပပို့ကုန် တိုးတက်မှုနှုန်းအရ စံချိန်တင်နိုင်ကြောင်း အမျိုးသားစာရင်းအင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကာလတွင် ပြည်ပပို့ကုန်ဝင်ငွေသည် အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၃၈ ဘီလီယံရှိကြောင်း၊ ၂၀၀၃ ခုနှစ် အလားတူကာလက ဒေါ်လာ ၃၃ ဒသမ ၀၅၆ ဘီလီယံရှိခဲ့ရာမှ ၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပပို့ကုန်များအနက် အီလက်ထရွန်းနစ် ထုတ်ကုန်ပစ္စည်းများသည် ဈေးကွက်၌ ထိပ်တန်းသို့ရောက်နေကြောင်း၊ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် အီလက်ထရွန်းနစ် ထုတ်ကုန်ပစ္စည်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉ ဘီလီယံရှိရာ ပြည်ပပို့ကုန် စုစုပေါင်း၏ ၆၇ ဒသမ ၆ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

အဝတ်အထည်ဆိုင်ရာ ပို့ကုန် တန်ဖိုးသည် ပြည်ပပို့ကုန် အရပ်ရပ်၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ဒေါ်လာ ၁၇၆ ဒသမ ၉၂ သန်းဖိုးရှိကြောင်း၊ ၂၀၀၃ ခုနှစ်ကထက် ၃၃ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပပို့ကုန် အဓိကဈေးကွက် တည်ရှိရာနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသော ထုတ်ကုန်ပမာဏမှာ ဖိလစ်ပိုင်၏ ပြည်ပပို့ကုန် ဈေးကွက်တွင် ၂၃ ဒသမ ၇ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၇၄ ဒသမ ၁၃ သန်းရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုသို့ ပို့ကုန် ဒုတိယအများဆုံး တင်ပို့သည်။ အမေရိကန်ဈေးကွက်သို့ တင်ပို့သော ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၃ ဒသမ ၆၈ သန်းရှိကြောင်းနှင့် နယ်သာလန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှု အမေရိကန် ဒေါ်လာ ၄၂၉ ဒသမ ၆၇ သန်းဖိုးရှိကြောင်း ဖိလစ်ပိုင် ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

မိုဆူးလ်မြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲ ကန်စစ်ယာဉ်တန်း ပြောက်ကျားတို့၏ တိုက်ခိုက်မှုခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ပြောက်ကျားများက အီရတ် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် အမေရိကန် စစ်ဘက်မော်တော် ယာဉ်တန်းတစ်ခုအနီး လမ်းဘေးဗုံးဖောက်ခွဲရာ အီရတ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းမော်တော်ယာဉ်တန်းမှတပ်ဖွဲ့ဝင်များသည် အမေရိကန် အမှတ်(၁) တပ်ရင်းကြီးနှင့် အမှတ်(၂၄) ခြေလျင်တပ်ရင်းမှဖြစ်ကြပြီး အယ်လ်မွန်ဆာမြို့ရှိကျောင်းသို့ အပူပေးကိရိယာများနှင့်ပစ္စည်းများ ပို့ဆောင်စဉ်အတွင်း အတိုက်အခိုက်ခံခဲ့ရခြင်း ဖြစ်ကြောင်း ကြေညာချက်တွင်ပါရှိသည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ရုံသာမက ပြောက်ကျားများ၏ ပစ်ခတ်မှုနှင့်လည်း ခံခဲ့ရကြောင်း ကြေညာချက်အရ သိရသည်။

ယင်းတိုက်ခိုက်မှုအတွင်း အီရတ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

မိုဆူးလ်မြို့သည် ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ ၄၀၀ အကွာတွင် ရှိပြီး တွန်းလှန် တိုက်ခိုက်ရေးသမားများ တိုက်ခိုက်လေ့ရှိပြီး အဓိကပြဿနာတက်သည့်နေရာအဖြစ် ပြောင်းလဲနေပြီဖြစ်သည်။ ၎င်းပြောက်ကျားများက အမေရိကန် ထောက်ခံအားပေးသည့် ကြားဖြတ်အစိုးရ ပျက်စီးရေးအတွက် ဆောင်ရွက်နေပြီး မိုဆူးလ်မြို့ရှိ လုပ်ငန်းများပျက်ပြားစေရန် ရည်ရွယ်လုပ်ကိုင်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံအနောက်ပိုင်းတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသရှိ အန်ဘာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်တစ်ဦးသည် အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့မှ ဖြစ်ပြီး အန်ဘာ ပြည်နယ်တွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ စစ်ဆင်ရေး ပြုလုပ်နေစဉ် ဇန်နဝါရီ ၁၁ ရက်က တိုက်ခိုက်ခံရသဖြင့် သေဆုံးခဲ့ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၅၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယားရှိ ရေနံကုမ္ပဏီများ ရေနံချက်စက်ရုံတည်မည် အလုပ်အကိုင်များ ပေါ်ထွက်ရေးနှင့် ရေနံမပြတ်လပ်ရေးစီစဉ်

အဘူဂျာ ဇန်နဝါရီ ၁၃

နိုင်ဂျီးရီးယား အောက်လွှတ်တော် ရေနံအရင်းအမြစ်များဆိုင်ရာကော်မတီသည် ရေနံကုမ္ပဏီများအနေဖြင့် ရေနံစိမ်းကို ပြည်တွင်း၌ပင် ချက်လုပ်ရန် မဖြစ်မနေလုပ်ဆောင်စေသည့် ဥပဒေကြမ်းတစ်ရပ်ကို ဗုဒ္ဓဟူးနေ့က အဆိုပြုလိုက်သည်။

ရေနံအက်ဥပဒေကို ပြင်ဆင်မည့် ဥပဒေကြမ်းကို အောက်လွှတ်တော်သို့ ဗုဒ္ဓဟူးနေ့က တင်သွင်းလိုက်ပြီး ပထမဆုံးအကြိမ်အဖြစ် ဖော်ပြလိုက်သည်ဆိုသည်။

နိုင်ငံအတွင်း လုပ်ကိုင်နေသည့် ရေနံကုမ္ပဏီများသည် ရေနံချက်စက်ရုံများ ထူထောင်ရန် ဥပဒေကြမ်းတွင် တိုက်တွန်းထားကြောင်းဖြင့် အစည်းအဝေးအပြီးတွင် ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့်တကွ ပါဝင်သော အချက်အလက်များကို သတင်းစာဆရာများအား ကော်မတီဥက္ကဋ္ဌ အိုချူကိုက ရှင်းပြသည်။

ဤဥပဒေကြမ်းကို အတည်ပြုလိုက်မည်ဆိုလျှင် ရေနံစိမ်းများကို ပြည်ပသို့ တင်ပို့ပြီးမှ ချက်ပြီးရေနံကို တင်သွင်းမည့်အစား နိုင်ဂျီးရီးယားနိုင်ငံအနေဖြင့် နှစ်အနည်းငယ်အတွင်းတွင် ချက်ပြီးရေနံကိုသာ ပြည်ပသို့ တင်ပို့ရောင်းချတော့မည်ဖြစ်သည်ဟုလည်း ၎င်းက ထည့်သွင်းပြောဆိုသည်။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းများပေါ်လာပြီး ရေနံပြတ်လပ်မှုကို ဖယ်ရှားပစ်နိုင်မည်ဆို၏။

နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတိုက်တွင် ရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် ဆဋ္ဌမမြောက် ရေနံစိမ်း အများဆုံးထွက်သည့် နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် အီရတ်တစ်ဦး ဆေးဝါးကုသမှုခံယူနေသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ကုန်သွယ်ရေးလိုငွေပြ နိုဝင်ဘာတွင် စံချိန်တင် မြင့်တက်

ဝါရှင်တန် ဇန်နဝါရီ ၁၄

အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုမှာ နိုဝင်ဘာလတွင် ယခင်လကထက် ၇ ဒသမ ၇ ရာခိုင်နှုန်းပိုလာပြီး အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၃ ဘီလီယံအထိ စံချိန်သစ်တင်လိုက်ကြောင်း အမေရိကန်ကုန်သွယ်ရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

အောက်တိုဘာလက ကုန်သွယ်ရေးလိုငွေ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံရှိရာမှ နိုဝင်ဘာတွင် လိုငွေအနည်းငယ်ကျမည်ဟု မျှော်မှန်းခဲ့ကြသော စီးပွားရေးပညာရှင်များမှာ အံ့အားသင့်သွားသည်။

၂၀၀၄ ခုနှစ်မှစ၍ နိုဝင်ဘာအထိ စုစုပေါင်း လိုငွေပြမှု အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃ ဘီလီယံအထိရှိသည့် အတွက် ၂၀၀၃ ခုနှစ် တစ်နှစ်လုံး ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၄၉၆ ဒသမ ၅ ဘီလီယံထက် ပိုများသည်။ ၂၀၀၄ ခုနှစ် တစ်နှစ်လုံး ကုန်သွယ်ရေးလိုငွေပြမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၀၀ ဘီလီယံရှိမည်ဟု အမေရိကန်က ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနှင့်စင်ကာပူကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင် လေကြောင်းခရီးစဉ်များ ပိုမိုဖွင့်လှစ်ရန် သဘောတူညီ

ဂျကာတာ ဇန်နဝါရီ ၁၃

အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ခရီးသွားလုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်လည်းကောင်း၊ နှစ်နိုင်ငံ လေကြောင်းခရီးစဉ်များ ပိုမို ဖွင့်လှစ်နိုင်ရန်လည်းကောင်း သဘောတူညီလိုက်ကြသည်။

တရုတ်၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများမှ အင်ဒိုနီးရှားနိုင်ငံသို့ ပျံသန်းသည့် လေကြောင်းခရီးစဉ် အရေအတွက်ကို တိုးချဲ့သွားနိုင်မည်ဟု နှစ်နိုင်ငံစလုံးက မျှော်လင့်ထားကြောင်း၊ အဆိုပါ နိုင်ငံများသည် ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးဆုံးပန်းတိုင်များအဖြစ် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကို သတ်မှတ်ထားကြောင်း အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီး ဟက်တာရာဒီယာဆာက ပြောကြားသည်။

ရည်ရွယ်

မိမိတို့၏ နိုင်ငံများသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်စေရန် ရည်ရွယ်လျက် လေယာဉ်စီးခရီးသည်ထိုင်ခုံနေရာများကို တိုးချဲ့နိုင်ရန် လိုအပ်ကြောင်း ဟက်တာ၏ ပြောကြားချက်ကို ကိုးကား၍ ဂျကာတာပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

ဝန်ကြီးဟက်တာသည် စင်ကာပူသယ်ယူပို့ဆောင်ရေးဝန်ကြီး ယိုချောင်တန်နှင့် အင်္ဂါနေ့က တွေ့ဆုံဆွေးနွေးပြီးနောက်အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လျှာထားချက်ပြည့်မီရေး

လောလောဆယ်ကာလ၌ ပြည်ပမှ မိမိ၏နိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသည် ဦးရေမှာ နှစ်စဉ် ငါးသန်းခန့် ရှိကြောင်း၊ ယင်းမှာ လေယာဉ်စီးခရီးသည် ထိုင်ခုံနေရာ ရှစ်သန်းခန့်သာ ရှိသောကြောင့် ဖြစ်ကြောင်း၊ ယခုနှစ်တွင်အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် ခြောက်သန်းရောက်ရှိရေးဟူသော အစိုးရ၏ လျာထားချက် ပြည့်မီစေရေးအတွက် လေယာဉ်စီးခရီးသည် ထိုင်ခုံနေရာကို တစ်နှစ်လျှင် ၁၂ သန်းအထိ တိုးချဲ့ရန် လိုအပ်ကြောင်းအင်ဒိုနီးရှား ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဂျာရိုဝါဆစ်က ပြောကြားသည်။

တိုးချဲ့ရန်လိုအပ်

လက်ရှိကာလတွင် စင်ကာပူ လေကြောင်းဌာနက တာဝန်ယူရှိလျက်ရှိသည့် စင်ကာပူ-အင်ဒိုနီးရှား ခရီးစဉ်အရေအတွက်ကို တိုးချဲ့ရန် လိုအပ်ကြောင်း၊ ဂျကာတာ၊ ဒန်ပါဆာ၊ မီဒန်နှင့် ဆူရာဘာယာတို့ကဲ့သို့သော ခရီးသည်များ လာရောက်လေ့ရှိသည့် မြို့များသို့ ပျံသန်းသော လေကြောင်းခရီးစဉ်များကို တိုးချဲ့ရန်လိုအပ်ကြောင်း စင်ကာပူသယ်ယူပို့ဆောင်ရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင် ကို ရီး ယားနိုင်ငံမှ ထုတ်လုပ်သည့် မိုဘိုင်းဖုန်းအမျိုးအစားသစ်ကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။ (ယင်းမိုဘိုင်းဖုန်းသည် နှုတ်ဖြင့် ပြောကြားသော တယ်လီဖုန်းသတင်းစကားများကို စာသားအဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံ့ဂုဏ် ထိခိုက်မှုကို လက်မခံနိုင် ရုရှား၏ဗီဇာဆိုင်ရာ ဥပဒေကြမ်းတွင် ဖော်ပြ

မော်စကို ဇန်နဝါရီ ၁၃

ရုရှားနိုင်ငံ၏ ဗီဇာဆိုင်ရာ ဥပဒေကြမ်းတွင် နိုင်ငံ၏ဂုဏ်ကို ထိခိုက်စေနိုင်သော နိုင်ငံခြားသားခရီးသည်များကိုနိုင်ငံအတွင်းနေထိုင်ခွင့်မပေးရန် ဖော်ပြထားကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင်ပြောကြားသည်။

ဖော်ပြထား

ရုရှားလူမျိုးတို့၏ စိတ်နေသဘောထား၊ ယဉ်ကျေးမှုနှင့် နိုင်ငံ့ဂုဏ်တို့ဖြစ်သည့် စံတန်ဖိုးများကို မလေးမစားပြုမှုကြောင်း တရားရုံးတော်၏ ဆုံးဖြတ်မှုနှင့် တွေ့ကြုံရသော နိုင်ငံခြားသားများကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်း၊ ဗီဇာဖြင့်နေထိုင်ခြင်း ပိတ်ပင်သွားရန် အဆိုပါဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

ထောက်ခံ

ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ရှိသည့် မည်သူ့ကိုမဆို ပြည်ဝင်ဗီဇာထုတ်မပေးရန်လည်း ယင်းဥပဒေကြမ်း၌ ဖော်ပြထားသည်။ ရုရှားပါလီမန်ရှိ အောက်လွှတ်တော်တွင် ပြည်ဝင်ဗီဇာဆိုင်ရာ ဥပဒေကြမ်းကို အတည်မပြုမီ သုံးကြိမ်တိုင်တိုင် အချေအတင်ဆွေးနွေးပွဲ ပြုလုပ်ရန်လိုအပ်ပြီး ပထမအကြိမ်ဆွေးနွေးပွဲတွင် ပါလီမန်အမတ်များက အချေအတင်ဆွေးနွေးခြင်း မပြုတော့ဘဲ ဥပဒေကြမ်းကိုထောက်ခံခဲ့ကြပြီးဖြစ်သည်။

အရေးယူ

ရုရှားလူမျိုးတို့က ယေဘုယျအားဖြင့် လက်ခံကြသော ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုနှင့် လူမှုရေးစိတ်ဓာတ်တို့ကို မထီမဲ့မြင်ပြုသည့် နိုင်ငံခြားသားများအား အရေးယူအပြစ်ပေးရန် ဥပဒေကြမ်းတွင် ဖော်ပြထားသည်။

အမျိုးသားအလံ၊ အဖွဲ့အစည်းများ၏အလံများမှသည် ရုရှားခေါင်းဆောင်များ၏ ဓာတ်ပုံများအထိ ရုရှားနိုင်ငံ၏ဂုဏ်နှင့် သက်ဆိုင်သော အမှတ်သင်္ကေတများကို အလေးအမြတ်မပြုသည့် နိုင်ငံခြားသားများသည် ဗီဇာဆိုင်ရာ ဥပဒေနှင့်ငြိစွန်းမည်ဖြစ်ကြောင်း ဥပဒေကြမ်း ပြုစုသူတစ်ဦးက ပြောကြားသည်။

မူးယစ်ဆေးဝါး စွဲနေသူများနှင့် ကူးစက်ရောဂါရှိနေသူများကို ပြည်ဝင်ခွင့်မပေးရန် ဥပဒေတွင် ဖော်ပြသင့်ကြောင်း အောက်လွှတ်တော်အမတ်များက ပြောကြားသည်။ ***အင်တာနက်။***

ကယ်လီဖိုးနီးယားတွင် မြေပြို ၁၃ ဦး ပိတ်မိနေဆဲဟုဆို

လာကွန်ချီတာ(ကယ်လီဖိုးနီးယား) ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် ဆိုးရွားသော မြေပြိုမှုကြီးတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ရွှံ့မြေနှင့် အပျက်အစီးအပိုင်းအစများကြားမှ အလောင်းခြောက်လောင်းကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက အင်္ဂါနေ့တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ယခုအချိန်အထိ အပျက်အစီးများအောက်တွင် ၁၃ဦးပိတ်မိနေသည်ဟု ယူဆရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကြိုးပမ်း

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ပိတ်မိနေသူများအား ရှာဖွေတွေ့ရှိနိုင်ရန် ပြိုကျခဲ့သည့် ရွှံ့မြေများ အေးခဲခြောက်သွေ့ခြင်းမရှိမီ အပူတပြင်း ကြိုးပမ်းကြရကြောင်း၊ ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် တစ်နေ့လုံး မြေကိုလက်ဖြင့်တူးဆွကာ ရှာဖွေကြရကြောင်း ဗင်တူရာစီရင်စုမီးသတ်ဌာနအကြီးအကဲ ဘော့ရိုပါက ပြောကြားသည်။

ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် အင်္ဂါနေ့အစောပိုင်းက အလျားပေ ၃၀ ရှိ မြေသားအစုအပုံတစ်ခုအောက်မှ အသံသဲ့သဲ့ကြားရပြီးနောက် ယင်းနေရာ၌ တူးဆွရှာဖွေခဲ့သော်လည်း တစ်ဦးတစ်ယောက်ကိုမျှ ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ၎င်းကပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းကိုဆက်လက်လုပ်ဆောင်နေပြီး မိမိတို့သည် မျှော်လင့်ချက်ကို မစွန့်လွှတ်သေးကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းမှာ အလွန်ပင်ခက်ခဲကြောင်း၊ လက်ဖြင့်တူးဆွမှုများပြုလုပ်ရခြင်းကြောင့် လွန်စွာပင် ပင်ပန်းလှကြောင်း၎င်းကဆက်လက်ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အနံ့ခံခွေးများကို အသုံးပြု၍ ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေကြသည်။ လူအများပိတ်မိနိုင်ဖွယ်ရှိသော နေရာမှန်သမျှတွင် ရှာဖွေလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ ရုပ်မြင်သံကြား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ချန်ဟောင်းလျှပ်စစ်ပစ္စည်း ကုမ္ပဏီ၏ အရောင်းပြခန်း တစ်နေရာကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ၏ပို့ကုန် တင်ပို့မှု မြင့်မားလာ ကိုးလတာကာလတွင် ၂၃ရာခိုင်နှုန်း တိုးတက်

နယူးဒေလီ ဇန်နဝါရီ ၁၃

အိန္ဒိယနိုင်ငံ၏ ပို့ကုန်များသည် ယခုဘဏ္ဍာရေးနှစ်၏ ပထမကိုးလအတွင်း ၂၃ ရာခိုင်နှုန်းတိုးမြင့်လာပြီး အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်ကို ကိုးကားလျက် အင်ဒို-အေးရှင်းသတင်းဌာနကအင်္ဂါနေ့တွင် ဖော်ပြသည်။

ကုန်သွယ်ရေးစာရင်းအင်းအပြည့်အစုံကိုကုန်သွယ်ရေးဈေးကွက်သတင်းနှင့် စာရင်းရုံးကဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ စက်မှုထုတ်ကုန် ပစ္စည်းများ၊သတ္တုရိုင်းများနှင့် တွင်းထွက်ပစ္စည်းများ တင်ပို့မှုတိုးမြင့်ကြောင်း ဖော်ပြထားသည်။

၎င်းအပြင်ရေနံ၊ ဓာတုပစ္စည်းများ၊ စီမံကိန်းဝင်ကုန်ပစ္စည်းများ၊ ဆန်မှအပဖြစ်သော အခြားစားသုံးသီးနှံများ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ အဝတ်အထည်များ၊ ဂုန်လျှော်ထွက်ပစ္စည်းများ၊ သီဟိုဠ်သီး၊ သီဟိုဠ်စေ့၊ ဆီထွက်အစားအစာများ၊ သားရေထည်ပစ္စည်းများနှင့် အမဲသား၊ ငါးတင်ပို့မှုတို့မှာလည်းတိုးမြင့်လာခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကမားလ်နတ်က လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာ ၈၈ ဘီလီယံ ရည်မှန်းထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စိတ်ရောဂါကုဆေးရုံများ ယူဂန္ဓာတွင်တည်ဆောက်မည်

ကမ်ပလာ ဇန်နဝါရီ ၁၂

ယူဂန္ဓာအစိုးရသည် စိတ်ရောဂါခံစား နေရသည့် နိုင်ငံသားများအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးရန် ကြိုးပမ်းလျက်ရှိကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

ကျန်းမာရေးကဏ္ဍ မဟာဗျူဟာစီမံချက်အရစိတ်ရောဂါကုကျန်းမာရေးဌာနသစ် ခြောက်ခုကို ကာဘာလီ၊ ဖို့ပေါ်တယ်နှင့် အီလီမားဒေသများနှင့် ဂူလူနှင့်အာရူယဆေးရုံများတွင် တည်ဆောက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး မိဘီမူဘူလ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းများက ဖော်ပြသည်။

မူဘီဒီ၊ ဂျိနီယာ၊ ဘာလီ၊ မာဆာကာ၊ မိုရိုတို၊ လီရာနှင့် ဘာရာရာဒေသများတွင်လည်း စိတ်ရောဂါကု ကျန်းမာရေးဌာန ခုနစ်ခုကို တည်ထောင်ရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကော်စတာရီကာတွင် အရေးပေါ်အခြေအနေကြေညာ

ဆန်ဆေးဟိုး ဇန်နဝါရီ ၁၃

ကာရစ်ဘီယံကမ်းရိုးတန်းတစ်လျှောက်တွင် ရေလွှမ်းမိုးမှုကြောင့် လူနှစ်ဦးထက်မနည်း သေဆုံးပြီး လူပေါင်း ၇၅၀၀ မှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသွားရပြီးနောက် ကော်စတာရီကာနိုင်ငံတွင် အရေးပေါ် အခြေအနေတစ်ရပ်ကို အင်္ဂါနေ့က ကြေညာသည်။

မကြာသေးမီရက်များက မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေများလျှံပြီး တံတား ၁၂ စင်းနှင့် လမ်းများပျက်စီးခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူနှစ်ဦးရှိပြီး ငါးဦးပျောက်ဆုံးနေသည်။ လူပေါင်း ၇၅၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်း ကယ်ဆယ်ရေးအလုပ်သမားများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းသွားရေး

အောင်မိုးစံ

မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေတဲ့ မြန်မာနိုင်ငံတွင် ပဓာနအကျဆုံး ပကတိလိုအပ်ချက်ဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတာဝန်ကို အမျိုးသားညီလာခံကြီးကျင်းပပြီး ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

ဘယ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမဆို မိမိတို့ လူမှုဘဝနဲ့ကင်းပြီး မပြဋ္ဌာန်းနိုင်ပါ။ ဥပဒေပြဋ္ဌာန်းပေးလိုက်ရုံနဲ့ လူမှုစနစ်သစ်တစ်ရပ် ချက်ချင်းဖြစ်ပေါ် မလာနိုင်လို့ပါပဲ။ အဲဒီလိုသာ လူမှုစနစ်သစ်တွေကို ဥပဒေပြဋ္ဌာန်းရုံနဲ့ ထူထောင်နိုင်တယ်ဆိုရင် စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ လူနေမှုဘဝ အဆင့်အတန်းတွေ မြင့်မားတိုးတက်လာအောင် ဘယ်နိုင်ငံမှာမှ ကြိုးပမ်းစရာလိုမယ်မဟုတ်ပါ။

နိုင်ငံရေးဆိုတာ လူမှုသိပ္ပံဖြစ်ပါတယ်။ ကျပန်းစကားပြောသလို အနိုင်ရရင်ပြီးရောဆိုပြီး ပြောဆိုကျင့်သုံးလို့မရနိုင်ပါ။ သိပ္ပံပညာရှင်တွေဟာ မဖောက်မပြန် မှန်ကန်တဲ့သဘာဝတရားတွေကို ရှာဖွေတွေ့ရှိတဲ့အခါတိုင်း လူများစုနားလည်သဘောပေါက်လာအောင် အချိန်စောင့်ရလေ့ရှိပါတယ်။ လူမှုသိပ္ပံဖြစ်တဲ့ နိုင်ငံရေးမှာလည်း အဲဒီလိုပါပဲ။ တရားသစ်(ဝါ) လမ်းစဉ်သစ်တစ်ရပ်ကို ပြည်သူတွေ လိုက်နာကျင့်သုံးနိုင်အောင် ဘယ်အထိအချိန်ယူကြိုးပမ်းသွားရမလဲ ဆိုတဲ့အချက်ကို အလေးအနက်ထားရပါတယ်။ ခေတ်သစ်စနစ်သစ် တစ်ရပ်ကို ထူထောင်တိုင်း အခြေခံစီးပွားရေး ကုန်လုပ်စွမ်းအားစုတွေရဲ့ ဖြစ်ပေါ်တိုးတက်မှုနဲ့အတူသာ အပေါ်ထပ်အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ ယဉ်ကျေးမှု၊ အသိပညာစတာတွေဟာ အနှေးနဲ့အမြန် လိုက်ပါပြောင်းလဲတိုးတက်လာလေ့ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာလည်း မိမိတို့လူ့အဖွဲ့အစည်းရဲ့ အခြေခံလူမှုဘဝတွေရဲ့ ပြောင်းလဲတိုးတက်မှုနဲ့အတူသာ ပြောင်းလဲတိုးတက်လာခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစတဲ့ မူဝါဒလမ်းစဉ်များကို ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ တည်းဟူသော အဂတိတရားလေးပါး ကင်းစွာနဲ့ ရေးဆွဲအတည်ပြုပြဋ္ဌာန်းသွားဖို့ လိုအပ်ပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေရဲ့ လက်ယာ၊ လက်ဝဲ ဆန္ဒစွဲအစွန်းရောက်မှုများနဲ့ အားနည်းချက်၊ အားသာချက်များအပေါ် သင်ခန်းစာယူဖို့ ဖြစ်ပါတယ်။ **အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားတဲ့ အခြေခံမူ ၁၀၄ ချက်ဟာ ယခင်ပေါ်ပေါက်ခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများ၊ သမိုင်းအတွေ့အကြုံများ၊ နိုင်ငံတကာအတွေ့အကြုံများအပေါ် လေးနက်စွာ သင်ခန်းစာယူပြီး ပကတိမြန်မာ့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ရေးဆွဲချမှတ်ခဲ့တာ ဖြစ်ပါတယ်။**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုပြဋ္ဌာန်းသွားနိုင်ဖို့အတွက် ဒီကနေ့တိုင်အောင် နှောင့်နှေးကြန့်ကြာလာခဲ့ရတဲ့ အကြောင်းရင်းဟာ ၁၉၈၈ ခုနှစ်ကပင် မြစ်ဖျားခံလာခဲ့တယ်လို့ ဆိုရပါမယ်။ အဲဒီတုန်းက ၁၉၈၈ ခုနှစ် အရေးအခင်းမှာ ပါဝင်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေရဲ့ တောင်းဆိုချက်ဟာ ကြားဖြတ်အစိုးရဖြစ်ပါတယ်။ ဒါဟာ တည်ဆဲလမ်းစဉ်ပါတီအစိုးရကို ဖယ်ရှားရေးလမ်းကြောင်းပဲ ဖြစ်ပါတယ်။ ဒေါက်တာမောင်မောင်အစိုးရက ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပပေးဖို့ အဆိုပြုခဲ့ပါတယ်။ အဲဒီ ကွဲလွဲမှုကြောင့် လမ်းစဉ်ပါတီအစိုးရနဲ့ ၁၉၈၈ အရေးအခင်းမှာ ပါဝင်လှုပ်ရှားတဲ့ အဖွဲ့အစည်းတွေ ထိပ်တိုက်ရင်ဆိုင် ဖြစ်လာခဲ့တယ်။ အဲဒီတုန်းက အရေးအခင်းမှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းတွေအဖို့သပိတ်ကို အရှိန်တိုးမြှင့် ဆောင်ရွက်သွားမှာလား၊ အစိုးရနဲ့ စေ့စပ်ရေးလမ်းကို ရွေးမလားဆိုတာကို ပြတ်သားစွာ မဆုံးဖြတ်နိုင်ခဲ့ပါဘူး။ သပိတ်ကိုလည်း အရှိန်တိုးမြှင့်ဆောင်ရွက်လို့မရခဲ့ပါဘူး။ အစိုးရနဲ့ စေ့စပ်ရေးလမ်းကို လက်ခံလိုက်ရင်လည်း စေ့စပ်ရေးသမား၊ အချောင်သမားလို့ သတ်မှတ်ခံရမှာ စိုးရိမ်ခဲ့ကြပါတယ်။ အဲဒီလို မပြတ်မသားတဲ့ လုပ်ရပ်နဲ့ လမ်းကြောင်းမှန်ကို သုံးသပ်ချက်မှန်မှန်နဲ့ မရွေးချယ်နိုင်ခဲ့လို့ ၁၉၈၈ အရေးအခင်းဟာ အထိန်းအကျောင်းမဲ့၊ မင်းမဲ့စရိုက်ဆိုးတွေ လွှမ်းမိုးလာခဲ့ပြီး ပြည်သူတွေကို ကျီးလန့်စာစားဘဝအထိ တွန်းပို့ခဲ့ပါတယ်။ နောက်ဆုံး နိုင်ငံတော်အန္တရာယ်ကြုံရမယ့် အခြေအနေရောက်လာတဲ့အတွက် တပ်မတော်အစိုးရပေါ်လာရပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းထူထောင်လာခဲ့ရတာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို ဦးတည်ကြိုးပမ်းလာခဲ့ခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးနဲ့ ဒီမိုကရေစီရေးကို ရှေးရှုပြီး ၁၉၉၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါတယ်။ အဲဒီ ရွေးကောက်ပွဲမှာ အများစုအရွေးချယ်ခံရတဲ့ ပါတီတွေဟာ တည်ဆဲတပ်မတော်အစိုးရနဲ့ ပူးပေါင်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလမ်းကိုသာ မှန်မှန်ကန်ကန် ရွေးချယ်ရမယ့်အစား အဲဒီလမ်းကို ဆန့်ကျင်ပြီး မစေ့စပ်ရေး၊ ချက်ချင်းအာဏာလွှဲရေးလမ်းကို လွဲမှားစွာရွေးချယ်ခဲ့ပြန်ပါတယ်။ ရွေးချယ်ခံနိုင်ငံရေးပါတီအဖွဲ့အစည်းတွေဟာ တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလမ်းကြောင်းကိုပဲ လွဲမှားစွာ ရွေးချယ်ခဲ့ပြန်ပါတယ်။

ဒီအပေါ် အကြောင်းပြုပြီး ဒီယုန်မြင်လို့ ဒီချုံထွင်ထားတဲ့ ပြည်ပကသွေးထိုးမှု၊ တစ်ဖက်စောင်းနင်း အားပေးထောက်ခံမှုနဲ့ တည်ဆဲအစိုးရအပေါ် စီးပွားရေးပိတ်ဆို့အရေးယူတဲ့ ဖိအားပေးမှုပယောဂတွေ ဝင်ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းလာခဲ့တဲ့ တပ်မတော်အစိုးရဟာ မူလကတည်းက သန္နိဋ္ဌာန်ချမှတ်ထားတဲ့အတိုင်း မိမိတို့ အမျိုးသားအင်အားစုချင်း ပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးကို မသွေဖည်ဘဲ ၁၉၉၃ ခုနှစ်မှာ အမျိုးသားညီလာခံကြီးကို မဖြစ်မနေ ကျင်းပပေးခဲ့ပါတယ်။

ဒီညီလာခံကြီးကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားခံရသော ပုဂ္ဂိုလ်များ စိတ်တူကိုယ်တူ တက်ရောက်ခဲ့ကြပါတယ်။ တရားဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အားလုံး တက်ရောက်ခဲ့ကြပါတယ်။ ဒီအမျိုးသားညီလာခံကြီးမှာ အားလုံးတညီတညွတ်တည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် အခြေခံမူကြီး ၁၀၄ ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။

အဲဒီလိုအခြေအနေတွေ၊ အလားအလာတွေကောင်းနေချိန်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်းအောလ်ဘရိုက်ရောက်လာပြီး ဒေါ်စုကြည်နဲ့တွေ့ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ NLD ဟာ မူလသဘောထားကို ပြောင်းပစ်လိုက်ပြီး အမျိုးသားညီလာခံဟာ အတုအယောင်သာဖြစ်တယ်ဆိုတဲ့ မခိုင်မာတဲ့အကြောင်းပြချက်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်တွေ ညီလာခံကြီးကို သပိတ်မှောက်ကျောခိုင်းထွက်ခွာသွားခဲ့ကြတာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အဲဒီလိုအမျိုးသားညီလာခံကြီးက ထွက်ခွာပြီးနောက်ပိုင်းမှာ အခြားအကျိုးထူးတဲ့ နည်းလမ်းတစ်ခုကို အစားထိုးနိုင်မလားလို့ စဉ်းစားဖွယ်ရာဖြစ်ပေမယ့် အမျိုးသားညီလာခံကြီးက နုတ်ထွက်ခဲ့တာသာအဖတ်တင်ပြီး ဘာတစ်ခုမျှ အကျိုးမထူးခဲ့ပါဘူး။ အဲဒီကတည်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးချယ်ရမယ့် အမှန်ကန်ဆုံးသောလမ်းစဉ်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တပ်မတော်အစိုးရနဲ့ ညှိနှိုင်းရေးဆွဲရေးလမ်းစဉ်သာ ဖြစ်ပါတယ်။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်သွားရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးလမ်းစဉ်သာဖြစ်ပါတယ်။

ဒါပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုရေးကိုလျစ်လျူရှုပြီး မိမိတို့ဘာသာ လွှတ်တော်ခေါ်ယူရေးလမ်းမှားကို ရွေးချယ်ခဲ့ပါတယ်။ ဒီလမ်းဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေရတဲ့ အစိုးရနဲ့ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလမ်းဖြစ်တယ်လို့ အကျိုးအကြောင်းဝေဖန်ထောက်ပြခဲ့တဲ့ အရွေးချယ်ခံကိုယ်စားလှယ်ခြောက်ဦးကိုလည်း NLD အဖွဲ့ချုပ်ကနေ ထုတ်ပယ်ပစ်ခဲ့ပါတယ်။ ဒီအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အယူအဆကွဲလွဲခွင့်ရှိရမယ့် ပါတီတွင်း ဒီမိုကရေစီကို ပိတ်ပင်လာတယ်ဆိုပြီး ပြည်ပသတင်းဌာနတွေကပါ ဝေဖန်လာခဲ့ပါတယ်။ သဘောထားပျော့ပျောင်းတဲ့ အရွေးချယ်ခံကိုယ်စားလှယ်အချို့ကလည်း အဲဒီလို ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ကို မယုံကြည်၊ လက်မခံဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နုတ်ထွက်ခဲ့ကြပါတယ်။

အဲဒီလို တည်ဆဲအစိုးရအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင့်သုံးခဲ့တဲ့ အဆိုးမြင်လမ်းစဉ်အပေါ် ၂၀၀၂ ခုနှစ် မေလ ၇ ရက်နေ့ စင်ကာပူနိုင်ငံထုတ် စထရိတ်တိုင်းမ်သတင်းစာ အယ်ဒီတာအာဘော်ခန်းမှာ အခုလို ရေးသားခဲ့ပါတယ်–

“ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သူမ(ဒေါ်အောင်ဆန်းစုကြည်)ဟာ တည်ဆဲတပ်မတော် ခေါင်းဆောင်များနဲ့ နိုင်ငံထူထောင်ရေးမှာ စုပေါင်းလုံ့လပြုသင့်တယ်။ (Like it or not she should seek common ground with the ruling troika)၊ တပ်မတော်အစိုးရဟာ အနာဂတ်တွင် ဒီမိုကရေစီကျတဲ့ ရွေးကောက်ပွဲတွေကျင်းပပြီး လူထုဆန္ဒကို လိုက်လျောလာနိုင်ပါတယ်။ တစ်ဖက်တွင် NLD နဲ့ တပ်မတော် ခေါင်းဆောင်များဟာ အလုပ်သဘော ပူးပေါင်းဆောင်ရွက်တဲ့နည်းလမ်းလည်း ရှိပါတယ်။ မည်သည့်အလားအလာသို့ ရှေးရှုသည်ဖြစ်စေ၊ ဒေါ်စုနဲ့ NLD အဖို့ တပ်မတော်ကို ရန်သူအဖြစ် သဘောထားမည့်အစား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်သာ တက်လှမ်းသွားသင့်ပါတယ်။ ပေါ်ထွန်းနေသော အခြေအနေများအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အစဉ်အလာဟောင်းမှခွဲထွက်၍ လမ်းသစ်လျှောက်လှမ်းဖို့ ပြင်ဆင်နေတာ တွေ့ရပါတယ်။ အဆိုပါ ကြိုးပမ်းမှုဖြစ်စဉ်မှာ ဒေါ်စုလည်း ပါဝင်ဆင်နွှဲသင့်ပါတယ်။”

အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားတဲ့ အခြေခံမူ (၁၀၄)ချက်ဟာ ယခင်ပေါ်ပေါက်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ သမိုင်းအတွေ့အကြုံများ၊ နိုင်ငံတကာအတွေ့အကြုံများအပေါ် လေးနက်စွာ သင်ခန်းစာယူပြီး ပကတိ မြန်မာ့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ရေးဆွဲချမှတ်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် တပ်မတော်အစိုးရဟာ စုပေါင်းလုံ့လပြုမှုကို ဘယ်သောအခါကမျှ ဥပေက္ခာမပြုခဲ့ပါ။ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်သွားဖို့အချိန် ကျရောက်လာပြန်တဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်က လက်ခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးသို့ ပြန်လည်တက်ရောက်ဖို့ နိုင်ငံတော်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဥပဒေတွင်းနိုင်ငံရေးပါတီအဖွဲ့အစည်းများကို ပြန်လည်ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နိုင်ငံရေးပါတီအချို့ဟာ မူဝါဒမပြောင်းလဲဘဲ တရားသေအစွဲနဲ့ အမျိုးသားညီလာခံကို ဆက်လက်ဆန့်ကျင်ကျောခိုင်းခဲ့ပါတယ်။ တရားဥပဒေနဲ့အညီမဟုတ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအမည်တပ်ပြီး ထိပ်တိုက်ရင်ဆိုင်ရပ်တည်ခဲ့ပြန်ပါတယ်။ အနောက်ဥရောပဒီမိုကရေစီကို ချက်ချင်းပုံတူကူးကျင့်သုံးဖို့ ပကတိလူမှုဘဝနဲ့ကင်းမဲ့စွာ တောင်းဆိုခဲ့ပြန်ပါတယ်။

တည်ဆဲတပ်မတော်အစိုးရဟာ NLD နဲ့ အပေါင်းပါတွေ ကဖျက်ယဖျက်လုပ်နေတဲ့ကြားက အမျိုးသားသင့်မြတ်စည်းလုံးရေးကို စိတ်ရှည်လက်ရှည်နဲ့ သဘောထားကြီးကြီးထားပြီး မဆုတ်မနစ် ကြိုးပမ်းတည်ဆောက်နေရတာဖြစ်ပါတယ်။ ဒီကနေ့မှာတော့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ပကတိဘဝလိုအပ်ချက်ဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ မဖြစ်မနေ ရေးဆွဲအတည်ပြုသွားရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် အတိတ်က ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာပါရှိခဲ့တဲ့ ဆန္ဒစွဲမျှော်မှန်းချက်သက်သက်ဖြင့် ရေးဆွဲပြဋ္ဌာန်းမှုများကိုရှောင်ရှားပြီး မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ညှိနှိုင်းရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုပြဋ္ဌာန်းသွားရေးကိုရှေးရှုပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

သက်ကြီးပူဇော်ပွဲနှင့် ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမည့် နှစ်ပတ်လည်အစည်းအဝေးတွင် အသက်(၈၀)နှစ်နှင့် အထက် အသင်းသူ၊သားများနှင့်အသင်းဝင် မိဘများအား ပူဇော်ကန်တော့ပြီး ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်မှ ဂုဏ်ထူးရအသင်း သားများ၏ ကျောင်းသား၊ ကျောင်းသူများနှင့် နိုင်ငံတော်မှ ချီးမြှင့်ဂုဏ်ပြု ခံရသူမြို့နယ်သူ၊ မြို့နယ်သားများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၂ နာရီအထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ရန် နှိုးဆော်ထားသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော် “ဒါရကောပမသုတ်”**
၉:၁၀	၁၀။ **ရုပ်မြင်သံကြားဇာတ်လမ်း “အရှုံးမပေး မဆုံးသေးပါ မသီတာ” [ဒါရိုက်တာ အောင်ကျော်မင်း၊ သရုပ်ဆောင်-ဖြိုးငွေစိုး၊မင်းသူ၊ စိုးမြတ်နန္ဒာ]**
၁၀:၃၀	၁၁။ အပိတ်နှုတ်ဆက်စကား
၁၀:၃၁	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၀	၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀	၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅	၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Myanmar Timper Elephant -(ဒုတိယနှစ်-အင်္ဂလိပ်စာ)
၅:၃၀	၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အင်တာနက်ချစ်သက်လျာ” (အပိုင်း-၂)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ မြန်မာ့ရှုခင်း
	၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။ ENGLISH "PREMIER LEAGUE **ဘောလုံးပွဲ** **Tottenham Hotspur Vs Chelsea**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဗန်းမော်မြို့နယ် စင်းခန်းတံတားဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ရှိ စင်းခန်းတံတားဖွင့်ပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီတွင် မန္တလေး-တကောင်း-ဗန်းမော်- မြစ်ကြီးနားလမ်း အဆိုပါ စင်းခန်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တံတားအထူးအဖွဲ့(၁၆)မှ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်အားပေးကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား လမ်းမကြီးပေါ်၌ စင်းခန်းတံတားကို ၂၀၀၅ခုနှစ် နှစ်ဦးတွင် ပထမဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နယ်စပ်ဒေသများပါမကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖွံ့ဖြိုးရေး အထူးဇုန် (၂၄)ခု သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာအောင် နိုင်ငံတော်က ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး တစ်ချိန်တည်းမှာပင် ရေမြေသယံဇာတများကို ထိရောက်စွာ အသုံးချကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးရေး ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအဆောက်အအုံများစွာကို စနစ်တကျ ချမှတ်တည်ဆောက်ပေးလျက်ရှိကြောင်း။

ကချင်ပြည်နယ်အတွင်းရှိ တာပိန်တံတားကိုလည်း နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဒဘတ်ချောင်းတံတား၊ ဗလဗင်းထင်တံတား၊ နန့်မြစ်ခ၊ မလိယန်၊ နမ့်ဆန်ယန်မိုးလဲ၊ တနိုင်း၊ ဟိုပင်၊ မိုးကောင်း၊ မိုးညှင်း၊ ကျွန်းတော စသည့် တံတားကြီးများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် စင်းခန်းတံတားသည် ၁၉၈၈ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀အထက် တံတားကြီးများအနက် ၁၇၈ စင်းမြောက် တံတားဖြစ်သကဲ့သို့ ကချင်ပြည်နယ်အတွက် ၁၂စင်းမြောက် တံတားကြီးဖြစ်ကြောင်း၊ စင်းခန်းတံတားကြီးကို ၁၅-၂-၂၀၀၃ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တစ်နှစ်နှင့် ၁၁လကြာ တည်ဆောက်ခဲ့ကာ ယခုဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခင်မန္တလေးမှ မြစ်ကြီးနားသို့ သွားမည်ဆိုပါက ဧရာဝတီမြစ်အနောက်ဘက်ကမ်း မိုင် ၃၅၀ ရှည်သည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းမှလည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်မှသွားပါက မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-မံစီ-ဗန်းမော် ၃၀၂မိုင်နှင့် ဗန်းမော်-မြစ်ကြီးနားလမ်း ၁၁၅မိုင်ရှိကာ စုစုပေါင်း ၄၁၇ မိုင်ရှည်လမ်းမှလည်းကောင်း သွားခဲ့ရကြောင်း။

ယခု ဖောက်လုပ်ပြီးစီးခဲ့သည့် မန္တလေး-မြစ်ကြီးနားလမ်းမှာ ၃၇၅မိုင်ခန့်သာရှိသဖြင့် မိုင် ၄၀ခန့် ခရီးအကွာအဝေး တိုသွားကြောင်း၊ စင်းခန်းတံတားကြီးဖွင့်လှစ်ပေးနိုင်ခြင်းအတွက် ရွှေကူ-ဗန်းမော်လမ်းကြောင်း သာမက မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းအဖြစ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် အလျားလိုက် ပြည်ထောင်စုလမ်းမကြီးအသစ် တစ်ခုအဖြစ် အထင်အရှား ထွက်ပေါ်လာခဲ့ကြောင်း၊ ယခုတံတားကြီးကို အသုံးပြု၍ ဒေသတွင်းစီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာအောင် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြစေ လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးကို အမျိုးသားရေးပန်းတိုင်အဖြစ် ချမှတ်ပြီး စနစ်တကျ အမျိုးသားစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရာ၌ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် အထူးစီမံကိန်းများ ချမှတ်၍ ကဏ္ဍအလိုက် လိုအပ်ချက်များကို လျာထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးဒေသကြီး(၂၄)ခု သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စင်းခန်းတံတားသည် မန္တလေး-တကောင်း-ဗန်းမော် လမ်းပေါ်ရှိ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသများအတွက် အဓိကတံတားဖြစ်ပြီး ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် လွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း၊ တံတားကြီး ပြီးမြောက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဒေသခံပြည်သူများကို ကချင်ပြည်နယ်မှ တိုင်းရင်းသားများ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

အခြေခံအုတ်မြစ်

ယခုကဲ့သို့ နိုင်ငံတော်က လမ်း တံတားကြီးများ တည်ဆောက်ပေးနေခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရေးလုပ်ငန်းများသည် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဒေသခံပြည်သူများသည် နိုင်ငံတော်၏ စေတနာကို နားလည်သိရှိပြီး စင်းခန်းတံတားကြီး ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တံတား တည်ဆောက်ပေးမှုအတွက် ဒေသခံပြည်သူများကိုယ်စား ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဆန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် တံတားဖွင့်လှစ်မည့်နေရာသို့ သွားရောက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့က အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းတို့က စင်းခန်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားကို ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံတိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်သည့် စင်းခန်းတံတားသည် အရှည်ပေ ၄၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီပါရှိကာ ရေလမ်းကင်းလွတ်နယ်မြေအကျယ်ပေ ၁၃၀၊ အမြင့် ၁၀ပေရှိသည်။ ယင်းတံတားသည် ၁ ဒသမ ၅မီတာအချင်းရှိ ဘိုးပိုင်အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး ငွေကျပ်သိန်း ၈၅၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် ဇန်နဝါရီ ၇ရက်က ဘုရားရင်ပြင်ပေါ်တွင် အလှူငွေများပေးအပ်ပွဲကိုကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ အလှူရှင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဟုမ်းတောက်ဆောက်လုပ်ရေးအဖွဲ့မှ ဦးချန်စိန်က ငွေကျပ် ၅၂သိန်းပေးအပ်လှူဒါန်းစဉ်။ (မွန်ပြည်နယ်)

ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီ လှည့်လည်ပူဇော်ခံ

ရန်ကုန် ဇန်နဝါရီ ၁၄

ဒဂုံမြို့သစ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပြည်ကြီးချမ်းသာ မြို့ဦးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူသော ကကုသန်နှင့် ဂေါတမဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီ လှည့်လည်ပူဇော်ခံပွဲကို ဇန်နဝါရီ ၅ရက်မှ ၇ရက်ထိ သုံးရက်တိုင် ကျင်းပရာ အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ယာယီစံကျောင်းတော်ကြီး၌ ကိန်းဝပ်စံပယ်၍ ရပ်ကွက်လမ်းအသီးသီးသို့ လှည့်လည်အပူဇော်ခံခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ကြောင်း သိရသည်။ (က-ပ)

တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မန္တလေးမြို့ ဆုတောင်းပြည့်ဘုရား အရှေ့ဘက်မုခ်ဦးရှေ့ (၇၆)လမ်း ၂၆လမ်းX၂၇လမ်းကြားတွင် ဦးချိုတူး-ဒေါ်ပုံ့ပုံ့(သင်းပျိုမဒီ အထည်ဆိုင်၊ ဈေးချို) မိသားစု၏ တရားပွဲအဖြစ် ဇန်နဝါရီ ၁၇ရက်၌ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)နှင့် ဇန်နဝါရီ ၁၈ရက်၌ ဓမ္မဒူတအရှင်ဆေကိန္ဒတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကျားကွက်သစ်ရပ်ကွက် ဣန္ဒာသယလမ်း ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၁၄

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဣန္ဒာသယလမ်း မိသားစုက ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ဓမ္မသဘင်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၁၈ရက်ညတွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ၁၉ရက်ညတွင် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၊ ၂၀ရက်ညတွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ) တို့က ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့် မည်ဖြစ်ရာ တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၅ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာတုန်းတာ ကုန်စည်ပြပွဲ ၂၀၀၅ ကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Tong Tah Co., Ltd. Honda U Khin Maung, RF Maung Maung, Vector Co., Ltd. New One, Super Power (Lubricants), Maruart Co., Ltd. (ကိုရီးယားကြမ်းခင်း)၊ Everest (ဒီဇယ်နှင့် ဂက်စ်မီးဖို)၊ Myamar Aluminium & Trading Limited, Nagar Pyan Co., Ltd. KJS Co., Ltd. AKS Trading/Sunrise Group, Galien, Warden Mark, Shwee Yee Win, Jin Yang Medical (Health Pack), Seven Diamond Dragon Trading Co., Ltd., (Slazenger Cosmetices), New Link Ltd., Win Family Industry Co., Ltd., Happy Cook, Thein, Blue Star, Super Coffee Mix, Mamee, မိုးပျံအဏ္ဏဝါ၊ လုံမေ၊ N.I.C.E, Sky Marketing Industry Limited, Makro Industrial Co., Ltd. K.T.B & F, အင်အားစု၊ Star Croissant Bakery House Top Diesel Fashion, Polo Sport, Lion City, Min Lady Fashion, Latest Shirt, Rococo, Tiara, Gent Garment, He & She, Style World, Tawin Fashion, လမင်းဖက်ရှင်၊ စိုးစိုးစံ၊စိမ်းသစ္စာ၊ Shoe Gallery, Kangaroo (Reva Co., Ltd.) တို့မှ ကုန်ပစ္စည်းအမျိုးမျိုးကို ပြသရောင်းချမည်ဖြစ်ပြီး Star Entertainment Co., Ltd. မှ ဣွန်လွင် ဦးစီးသော Model Show များနှင့် နာမည်ကြီး အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် နေ့စဉ် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဒီဇင်ဘာ ၂၈ရက်က ကနောင်မြို့နယ် အထကရွှေရတုပွဲတွင် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မဟန်နီချိုကိုယ်စား မဟန်နီချို၏မောင်ဖြစ်သူအား ကနောင်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးထွေးက ဆုချီးမြှင့်စဉ်။ (က-ပ)

သထုံမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် နိုင်ငံတော်မှ ချီးမြှင့်သည့် ဆုရ အသင်းဝင်များ၊ တက္ကသိုလ်ဝင်တန်းအောင် ဆုရ အသင်းဝင် သားသမီးများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၉ရက်က စမ်းချောင်းမြို့နယ် သန္တိသုခ နှစ်ထပ်မွှောရုံတွင် ကျင်းပရာ တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ ဂုဏ်ထူးရှင် မဂျေဂျေသောင်းဇော်အား အသင်းဥက္ကဋ္ဌ ဦးစောလွင်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

လူထုပါဝင်မှု အခြေပြုသုတေသန အမျိုးအစားများကို အောက်ခြေဆင်းပြီး လုပ်ဆောင်ကြရန်လို သုတေသန ကျင့်ဝတ်ကော်မတီများကို စနစ်တကျ ပီပီပြင်ပြင် ဖွဲ့စည်းထားပြီး စနစ်တကျစိစစ်

☆ **နိုင်ငံတော်အကြီးအကဲမှ**

ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သုတေသန စာတမ်းဖတ်ကြားကြမည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်နွယ်သော ဝန်ကြီးဌာနများနှင့် ပြည်ပနိုင်ငံများမှ သုတေသနစာတမ်းရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသည် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ရှိသည့် ဦးစီးဌာန အားလုံးနှင့် သက်ဆိုင်သော ညီလာခံဖြစ်ပြီး ဤညီလာခံကို နှစ်စဉ်ကျင်းပရာ တွင် သုတေသနပြုလုပ်တွေ့ရှိချက်များကို သုတေသီပညာရှင်အချင်းချင်း ဆွေးနွေးဖလှယ်ကြရန်၊ သုတေသန ပြုလုပ်တွေ့ရှိချက်များကို အသုံးချမည့်သူ များ လက်ဝယ်သို့ ရောက်ရှိစေရန်ဆိုသည့် ရည်ရွယ်ချက်များ ထားရှိပြီး ကျင်းပနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်စေရန် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသား များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတို့သည် အထူးအရေးပါ သည့်နေရာတွင်ရှိနေသော အမျိုးသားရေးလိုအပ်ချက်များဖြစ်သည်ဟု ခံယူထား ပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် ပေးနေခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်ထွန်းလာ အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယ ကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်များချမှတ်ပြီး ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည် ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဦးစားပေးရောဂါခြောက်မျိုး

နိုင်ငံတော် အကြီးအကဲက သုတေသနဆောင်ရွက်ရမည့် ဦးစားပေး ကျန်းမာရေးပြဿနာ ရောဂါခြောက်မျိုးကို လမ်းညွှန်မှုပေးထားပြီးဖြစ်ပါ ကြောင်း၊ ယင်းရောဂါများမှာ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများဖြစ်ကြောင်း၊ ဤရောဂါ များနှင့် ပတ်သက်ပြီး ထက်မြက်ထိရောက်သည့် ရောဂါကုထုံးများ၊ ဆေးဝါးများ သုတေသနပြုလုပ်ဖော်ထုတ်ရာတွင် တိုင်းရင်းဆေး သုတေသနနှင့် ဆက်စပ် လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးသုတေသနကို ဆေးသုတေသန ဦးစီးဌာန သုံးခုနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ကသာမက သင်ကြားရေး ဆေးရုံကြီးများမှ သမားတော်ကြီးများကပါ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာ၌ စက်ရေတွင်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၄

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြိုးကြပ် ဆောင်ရွက်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ဖြစ်သည့် ကျေး လက်ဒေသ ရေကောင်းရေသန့်ရရှိ ရေးအတွက် အလှူရှင် ဗိုလ်မှူးဝင်းချွန်၊ ဇနီး ဒေါ်အမာတင် မိသားစုတို့က လှူဒါန်းသည့်စက်ရေတွင်းဖွင့်ပွဲအခမ်း အနားကို ဇန်နဝါရီ၇ရက်တွင် မြင်းခြံ မြို့နယ် လယ်သစ်ကျေးရွာ၌ ကျင်းပ ရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဦးတင်ထွေးက အနက်ပေ ၂၀၀ရှိ သုံးလက်မ စက်ရေတွင်း တူးဖော်မှုနှင့် ရေစုပ်စက်ကွန်ပရက် ဆာ၊ ရေလှောင်ကန်အပါအဝင် ကုန် ကျမှုတန်ဖိုးငွေ ၈၂၈၃၅၅ကျပ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လယ်သစ်ကျေးရွာရှိရပ်မိရပ်ဖတစ်ဦး က ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ လယ်သစ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဆောင် ဆောက်လုပ်ရန် မြင်းခြံ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကထောက်ပံ့လှူဒါန်း ငွေကျပ် ၅၀၀၀၀ နှင့် စေတနာရှင် တစ်ဦး၏ လှူဒါန်းငွေကျပ် ၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၆၀၀၀၀ ကို ကျောင်းဆောက်လုပ်ရေး အကျိုး ဆောင်အဖွဲ့ဥက္ကဋ္ဌထံ မြို့နယ်ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးတင် ထွေးက ပေးအပ်လှူဒါန်းသည်။

ဖွင့်လှစ်

ယင်းနောက် လှူဒါန်းသည့် စက်ရေ တွင်းကို မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်း အောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးမြအောင်နှင့်အလှူရှင် ဗိုလ်မှူး ဝင်းချွန်နှင့်အတူ မြင်းခြံခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေး ဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲတွင် ကျန်းမာရေးသုတေသနဆိုင်ရာ ဆေးဝါးနှင့် ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခုအခါ Newly Emerging Infections ဟု ခေါ်သည့် အသစ် ပေါ်ပေါက်လာသော ကူးစက်မြန်ရောဂါများနှင့် ပတ်သက်ပြီး စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း (Surveillance)ကို စနစ်တကျ ဆောင်ရွက်နေကြရ ကြောင်း၊ မိမိနိုင်ငံတွင် မဖြစ်သေးဘူးဆိုသော်လည်း ကူးလူးဆက်ဆံသွားလာမှု မြန်ဆန်နေသော ဤခေတ်၊ ဤအခါတွင် ဤရောဂါများသည် အချိန်မရွေး မိမိတို့နိုင်ငံကို ရောက်ရှိလာနိုင်ကြောင်း၊ ဤရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုရာတွင် ဓာတ်ခွဲခန်းများ၏ အခန်းကဏ္ဍသည် အရေးကြီး လှပါကြောင်း၊ ဓာတ်ခွဲခန်းများနှင့် ဓာတ်ခွဲခန်းပညာရှင်များ၏ အရည်အသွေး အစဉ်တိုးတက်မြင့်မားရေးကို အလေးထားကြရမည်ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

အသစ်ပေါ်ပေါက်လာသည့် ကူးစက်မြန်ရောဂါများကို တစ်ဖက်တွင် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနေကြရသကဲ့သို့ တစ်ဖက်တွင်လည်း ဤရောဂါများနှင့် နီးနွယ်ဆက်စပ်သည့် ဓာတ်ခွဲခန်း အခြေပြုသုတေသနများကို လုပ်ဆောင်ကြရင်း ကြိုတင်ပြင်ဆင်မှုများ အသင့်ရှိနေကြရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ရောဂါများကို တားဆီးကာကွယ်ရေးအတွက် အထောက်အကူပြု သုတေသနများ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုး တိုးတက်မှုပင်ဖြစ်သဖြင့် ကျေးလက်ပြည်သူများ စီးပွားရေးတိုးတက်မှု၊ ပညာရေးတိုးတက်မှု၊ ကျန်းမာရေးတိုးတက်မှု၊ ရေလုံလောက်စွာရရှိမှုနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေမှုတို့ကို ဦးတည်ပြီး ကျေးလက် ဒေသ ဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ စီးပွားရေးတိုးတက်မှု၊ ပညာရေးတိုးတက်မှုနှင့် ကျန်းမာရေး တိုးတက်မှုတို့သည် အပြန်အလှန်အကျိုးအကြောင်း ပြုနေကြသကဲ့သို့ ဤသုံးခုဖြင့် ရေလုံလောက်စွာ ရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးတို့သည်လည်း ဆက်စပ်နေကြကြောင်း။

အောက်ခြေဆင်းလုပ်ဆောင်

ဤကဲ့သို့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် ကျေးလက်နေပြည်သူများကိုယ်တိုင်က မိမိတို့ဒေသ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုတွင် မိမိကိုယ်တိုင်လည်း တာဝန်ရှိကြောင်း သိမြင်ခံယူကြပြီး ပြည်သူများကိုယ်တိုင် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်း များ၊ အချင်းချင်းလက်ဆင့်ကမ်း ပညာပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် လာစေမှုကို ဦးတည်ထားသော Participatory Research Method ဟု ခေါ်သည့် လူထုပါဝင်မှုအခြေပြု သုတေသန အမျိုးအစားများကိုလည်း အောက်ခြေဆင်းပြီး လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ဤကဲ့သို့ သုတေသန မျိုးများ လုပ်ဆောင်ရာတွင် ဒေသတွင်းရှိသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏အနာဂတ်သည် ယနေ့လူငယ်များ၏ လက်ထဲတွင်ရှိ ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏ ကျန်းမာရေးကို အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ဖော်ဆောင်ပေးနေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ တွင် လူငယ်အများကို ဦးတည်အုပ်စု (Target group)အဖြစ်သတ်မှတ်ပြီး ရောဂါကာကွယ်ရေး လုပ်ငန်းများလုပ်ဆောင်ခြင်းသည် ရေရှည်အကျိုးအရှိ ဆုံးနှင့် အထိရောက်ဆုံးနည်းဗျူဟာဖြစ်သည်ဟု ဆိုကြကြောင်း၊ ယနေ့နိုင်ငံနှင့် အဝန်းတွင်ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက လူငယ် ကျန်းမာရေးအကျိုးဆောင်ဟုခေါ်သော လူငယ်ချင်းပညာပေးသူများ (Peer Educators) လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် ဤနည်းဗျူဟာကို အခြေခံခြင်းပင်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်များ ရေရှည်တည်တံ့အောင်မြင်ရေး အတွက် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၏ ဘောင်အတွင်းတွင် မည်ကဲ့သို့ ဖော်ဆောင်သင့်သည်ဆိုသည့် အဖြေများ ဖော်ထုတ်ပေးမည့် သုတေသနများလည်း လုပ်ဆောင်ကြရန်လိုကြောင်း။

သုတေသနဟုပြောလျှင် သုတေသနကျင့်ဝတ်ဆိုသည့် (Research Ethics) ကို ချန်ထား၍မဖြစ်ကြောင်း၊ ဤသုတေသနကျင့်ဝတ်များကို အလေး အနက်ထားလိုက်နာကြရန် သုတေသနမလုပ်ဆောင်မီ သုတေသနကျင့်ဝတ် ကင်းရှင်းချက်များ ရယူကြရန်၊ သုတေသန ကျင့်ဝတ်ကော်မတီများကိုလည်း စနစ်တကျ ပီပီပြင်ပြင်ဖွဲ့စည်းထားပြီး စနစ်တကျစိစစ်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

အမျိုးသားရေးပန်းတိုင်

ယခုအခါ နိုင်ငံတော်နှင့် တိုင်းရင်းသားများ၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရန်အတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်သည့် အမျိုးသားရေးပန်းတိုင်ကို ချီတက်လျက် ရှိနေကြောင်း၊ ဤကဲ့သို့ ချီတက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ အနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ် စသည့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းပြီး အမျိုးသားရေးလမ်းကြောင်းပေါ်တွင် မိမိတို့တတ်သိထားသော အတတ်ပညာ များဖြင့် တည့်တည့်မတ်မတ် ပါဝင်ချီတက်ကြပါဟု တိုက်တွန်းပြောကြားပြီး ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ် ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်တွင်း ပြည်ပမှ သုတေသနစာတမ်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် ပြသထား သော ကျန်းမာရေးသုတေသနဆိုင်ရာ ပိုစတာများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာသုတေသီများက သုတေသနပြုလုပ်တွေ့ရှိချက်များကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညီလာခံတွင် ခင်းကျင်းပြသထားသော ပုဂ္ဂလိက ဆေးဝါးနှင့်ဆေးပစ္စည်း ကုမ္ပဏီလီမိတက်များ၏ ဆေးဝါးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၀၄ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်နွယ်နေသော ဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပတို့မှ သုတေသနပညာရှင်များက ကျန်းမာရေး သုတေသန စာတမ်းအစောင် ၇၀ကို ဖတ်ကြားကြမည်ဖြစ်ပြီး ယင်းညီလာခံကို ဇန်နဝါရီ ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များ၊ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ဘင်ခရာတီးဝိုင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ တီးဝိုင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများသည် နံနက် ၇နာရီခွဲတွင် စုရပ်မှ ပြည်သူ့ရင်ပြင်သို့ ချီတက် နေရာယူကြပြီး နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် နှစ် (၆၀) ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများက နှစ် (၆၀) ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌအား အလေးပြုကြပြီး ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာ ကြကာ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်း၊ တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်း၊ မီးသတ်ဦးစီးဌာန ကိုယ်စားပြု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ တီးဝိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု ရဲတပ်ဖွဲ့တီးဝိုင်းနှင့် တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့်စစ်တီးဝိုင်း တပ်မှစစ်တီးဝိုင်းအဖွဲ့တို့က သရုပ်ဖော် ပြကွက်များဖြင့် အလှပြ တီးမှုတ်ဖျော်ဖြေကြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ်နှစ်သိန်း၊ အမေရိကန်ဆားဗစ်(မြန်မာ)ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ထူးက ငွေကျပ် ငါးသိန်းနှင့် မွန်းလိုက်တူရိယာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစောအောင်နိုင်က ငွေကျပ် ငါးသိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ နှစ်(၆၀) ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အလှပြတီးမှုတ်ဖျော်ဖြေကြသည့် တီးဝိုင်းအဖွဲ့များ ကိုယ်စား အဖွဲ့ခေါင်းဆောင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အဆိုပါ (၁၄) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မ ဌာနချုပ်များနှင့် စစ်ကျောင်းကြီးများမှ ပြိုင်ပွဲဝင်အသင်း ၅၆သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းပြေးဆွဲလျက်ရှိသည့်ယာဉ်လိုင်း ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်မတော်တဆဖြစ်မှုနှင့် ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေး၊ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျ လိုက်နာကြစေရေးအတွက် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

အိမ်တော်ရာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (ပြာသိုလပြည့်နေ့) ဇန်နဝါရီ၂၄ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၆၃ ပါး ကြွရောက်တော်မူမည်ဖြစ်ရာ အလှူရှင်များတက်ရောက်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း- ၃၈၃၇၉၄ သို့လည်း ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အိမ်တော်ရာစေတီတော်တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲများအဖြစ် ပြာသိုလဆန်း ၁၀ရက် (ဇန်နဝါရီ ၁၉ရက်) ညတွင် အရှင်ခေမာသိရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ပြာသိုလဆန်း ၁၁ရက် (ဇန်နဝါရီ ၂၀ရက်) ညတွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ပြာသိုလဆန်း ၁၃ရက် (ဇန်နဝါရီ ၂၂ရက်)ညတွင် ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်တို့က စေတီတော်ရင်ပြင် ရတနာ့ဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၅ ခုနှစ်
(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ
MICT Park ၊ ရန်ကုန်မြို့

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၃)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

✧ ရန်ကုန်သဘာဝဓာတ်ငွေ့မှ

ဓာတ်ငွေ့ဖိုးကျသင့်ငွေ တွက်ချက်ပေးစက်၏ တန်ဖိုးငွေ တွက်ချက်ပေးမှုများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် (မိုးမခ-ရန်ကုန်-ပဲခူး-ညောင်လေးပင်)ခရီးသည်တင်မော်တော်ယာဉ်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီတို့မှ ခရီးသည်တင်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်သည် ရန်ကုန်မြို့တွင် စတင်အသုံးပြုမည့် NGV မော်တော်ယာဉ်များအတွက် ပထမဦးဆုံးဖွင့်လှစ်သည့် အရောင်းဆိုင် ဖြစ်သည်။ အဆိုပါဆိုင်မှ တစ်နေ့လျှင် NGV ကားစီးရေ ၃၀၀ ခန့်ကို CNG ရောင်းချပေးနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် မော်တော်ယာဉ် လေးစီးကို တစ်ပြိုင်တည်း CNG ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့၏ ရောင်းဈေးမှာ ဓာတ်ဆီတစ်ဂါလန်နှင့်အညီ မောင်းနှင်နိုင်မည့် သဘာဝဓာတ်ငွေ့ ၁၆၅ကုဗပေကို ကျပ် ၁၀၀ ဖြစ်ပြီး ရန်ကုန်မြို့၌ နောက်ထပ် CNG အရောင်းဆိုင်များကို ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံတွင် ဘူမိသိပ္ပံပညာဆိုင်ရာ အသိပညာတိုးတက်ပြန့်ပွားစေရန် ရည်ရွယ်လျက် သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန(ဘဓရ)နှင့် အကျိုးတူ ဖက်စပ်လုပ်ကိုင်နေသော Leeward Capital Corp ၏ ဥက္ကဋ္ဌ Mr. James W. Davis က နိုင်ငံတကာစိန်ရှာဖွေရေးလုပ်ငန်း (Diamond Exploration) အကြောင်းကို ဇန်နဝါရီ ၁၉ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ အခန်းအမှတ်(၂၀၂)၌ ဟောပြောမည်ဖြစ်သဖြင့် အသင်းသားများနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးစူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅	၆။	တေးဂီတအစီအစဉ်
၈:၂၀	၇။	ကံတင်ဘီးလင်း ရေလှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁:၀၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းမေတ္တာ"(အပိုင်း-၂)**
၁:၄၀	၇။	ကပ်တဲလ်ကြိုးတံတား
၁:၅၀	၈။	**"ခံစားရင်း စံစားပါ" (ကျော်ရဲအောင်၊ပန်းဖြူကုသိုလ်) (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)**
၂:၁၅	၉။	လေကြောင်းကဏ္ဍ တိုးမြှင့်ဖွင့်လှစ်ကာတာလေကြောင်း ခရီးစဉ်သစ်
၂:၂၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၀	၁၁။	မင်းလှရေလှောင်တမံ
၂:၄၅	၁၂။	International News.
၃:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅:၁၅	၆။	တေးဂီတအစီအစဉ်
၅:၂၅	၇။	**"အသိစိတ်ကလေး အရင်းတည်၍" (ဖြိုးငွေစိုး၊ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
၅:၄၀	၈။	တေးဂီတအစီအစဉ်
၅:၅၀	၉။	**Tiger Cupဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တတိယနေရာလုပွဲ) (မြန်မာနှင့်မလေးရှား)**
၈:၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၉)**
	၁၄။	နောက်တစ်နေ့အစီအစဉ်
	၁၅။	အစီအစဉ်ပြီး၏။

မြို့သစ်မြို့နယ် စွန်ချောင်းရေလှောင်တမံနှင့် ကြက်သွန်စိုက်ခင်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဇန်နဝါရီ ၉ရက်တွင် မကွေးတိုင်း မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအနီး၌ တည်ဆောက်ဖွင့်လှစ်ပြီးသော စွန်ချောင်းရေလှောင်တမံ ထိန်းသိမ်းထားရှိမှု၊ ဆည်ရေသိုလှောင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျိုးရှိရှိအသုံးပြု

ထို့နောက် ဝန်ကြီးအား ရှင်းလင်းဆောင်၌ ထိန်းသိမ်းရေး တာဝန်ခံက ကန်ရေပြည့်ကေပေ သုံးသောင်းခန့် ဆည်ရေသိုလှောင်ရရှိမှု၊ သီးနှံစိုက်ဧက၇၀၀၀အကျိုးပြုမှု၊ နွေစပါးစိုက်ပျိုးရန် ဆည်ရေပေးဝေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မကွေးတိုင်း စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များအား ဆည်ရေကို အကျိုးရှိရှိ အသုံးပြုရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စွန်ချောင်း ရေလှောင်တမံ၏ ပင်မတမံနှင့် ရေထိန်းမျှော်စင် ထိန်းသိမ်းထားရှိမှု၊ ဆည်ရေသိုလှောင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မြို့သစ်မြို့နယ် ယင်းချောင်း ဘောဇဲ/ယာတစ်ဝိုက်၌ ပုဂ္ဂလိကလုပ်ငန်းရှင်များက မြေယာသစ်များဖော်ထုတ်စိုက်ပျိုးထားသည့် ကြက်သွန်စိုက်ခင်း ၃၆၉ဧကကို ကြည့်ရှုစစ်ဆေးသည်။

ကြက်သွန်စိုက်ခင်းကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာနှင့် ကံကြီးကျေးရွာတစ်ဝိုက်၌ ယင်းချောင်းရေဖြင့် စိုက်ပျိုးထားသည့် တိုးတက်လင်းနှင့် နယူးဂိုးလ်ဒင်းဂိတ်ကုမ္ပဏီလီမိတက်တို့၏ ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် စိုက်ခင်းမှထွက်ရှိသော ကြက်သွန်ဥနမူနာများနှင့် ဖြစ်ထွန်းအောင်မြင်နေသည့် ကြက်သွန်စိုက်ခင်းကို လည်းကောင်း၊ ထပ်မံတိုးချဲ့စိုက်ပျိုးနေသည့် ကြက်သွန်စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ် ဘုန်းတော်ပြည့် ကျေးရွာ အုပ်စုတစ်ဝိုက် ယင်းချောင်းအတွင်းနှင့် ယင်းချောင်း ဘောဇဲ/ယာရှိ မြေလွတ်မြေလပ်များ၌ ကြက်သွန် တစ်အုပ်တစ်မ စိုက်ပျိုးနေကြသည့် ပြည့်ဖြိုးအောင်ကုမ္ပဏီနှင့် ညီနောင်ကုမ္ပဏီများ၏ ကြက်သွန်စိုက်ခင်းများ၊ တိုးချဲ့စိုက်ပျိုးလျက်ရှိသည့် ကြက်သွန်စိုက်ခင်းများ၊ မြေပြုပြင်စိုက်ကွက်ဖော်နေကြသည့် ကြက်သွန်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့အား ပြည့်ဖြိုးအောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ပြည်တွင်းစားသုံးမှု ဖူလုံပို့လျှံရန်နှင့် ပြည်ပပို့ကုန်အဖြစ် ကြက်သွန် စိုက်ပျိုးမှုအခြေအနေ၊ နှမ်းစိုက်ပျိုးမှုအခြေအနေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ပံ့ပိုးကူညီမှု၊ ဇီဝမြေဩဇာများ တွဲဖက်အသုံးပြုမှု၊ ထွက်ရှိသော ကြက်သွန်များ၏ ပြည်ပပို့ကုန်စံချိန်စံညွှန်းပြည့်မီသည့် လက်ရော၊ လက်သီး၊ ရှယ်အတန်းအစား ရရှိမှု၊ သက်တမ်း ၈၃ရက်ဖြင့် စိုက်ကွင်းများအလိုက် ထွက်ရှိသည့် ကြက်သွန်နမူနာများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသအတွင်းရှိ တောင်သူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား စိုက်ပျိုးမြေသစ်ဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်တိုးရေး၊ မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ စိုက်ပျိုးမှု နည်းပညာနှင့်လိုအပ်ချက်များ ပံ့ပိုးကူညီပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြက်သွန်ခင်းများမှ တစ်ဧကလျှင် ပျမ်းမျှကြက်သွန်ပိဿာ ၈၀၀၀ ခန့် ထွက်ရှိမည်ဖြစ်ပြီး မိုးကြက်သွန် ၅၉၄ ဧကကျော် တိုးချဲ့စိုက်ပျိုးထားကြောင်းနှင့် ဆောင်းရာသီတွင် ၁၂၉၉ဧကအထိ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မကွေးတိုင်း မြို့သစ်မြို့နယ်တွင် စိုက်ပျိုးဖြစ်ထွန်းနေသော ကြက်သွန်စိုက်ခင်းများကို ကြည့်ရှုစဉ်။

(လယ်ယာ/ဆည်မြောင်း)

ပုဇွန်တောင်မြို့နယ် မဟာစည်ဩဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို ကွယ်လွန်သူ မိဘနှစ်ပါးနှင့် မောင်ငယ်၊ အဒေါ်၊ ဦးလေးတို့အားရည်စူး၍ ဒေါ်မကြည်ဝင်း(ကနေဒါနိုင်ငံ)တိုက်(၃) အခန်း-၄၀၂ ညောင်တန်း အိမ်ရာမိသားစုတို့က လယ်တီစံသာသနာ့ရိပ်သာ အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဝင်းအောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီး နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ကျက်သရေဆောင် မဟာတိလောကမှန်ကူသွန်းဘုရားကြီး နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၃ရက်မှ လပြည့်ကျော် ၂ရက် (မတ် ၂၂ရက်မှ ၂၆ရက်) အထိ ကျင်းပသွားမည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရေစက်ချအခမ်းအနား၊ ပဋ္ဌာန်းပွဲ၊ တရားပွဲ၊ ကြည့်ချင်ပွဲများ၊ နွားအလှပြိုင်ပွဲ၊ နွားလှည်းပြိုင်ပွဲများ၊ သာသနိကအဆောက်အအုံများ လှူဒါန်းခြင်း၊ စုပေါင်းရေစက်ချပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ အလှူရှင်များ ပါဝင်လှူဒါန်းကြရန် တိုက်တွန်းနှိုးဆော်ထားသည်။ (က-ပ)

မြတ်ဗုဒ္ဓ အောင်ခြင်းရှစ်ပါး ဗွီစီဒီနှင့် ဒီဗွီဒီ ဝယ်ယူပူဇော်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက မကြာမီဖြန့်ချိတော့မည့် ဒါရိုက်တာ ဗညား(မဟာဗုဒ္ဓဝင်) စီစဉ်ထုတ်လုပ်၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် (Computer Graphic Animation Series) မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး VCD၊ DVD ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ဝယ်ယူပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပသည်။

ဂုဏ်ပြုညစာ စားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မြန်မာ့အားကစား အောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. San Gun Kosavinta နှင့် တာဝန်ရှိသူများ၊ အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဂျူရီအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် ထူးချွန်မြားပစ်အားကစားသမားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲအမျိုးသမီး Compound အားကစားနည်းတွင် ထူးချွန်ဆုရ မြန်မာအသင်းမှ မယုနန္ဒာထိုက်အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးကလည်းကောင်း၊ အမျိုးသမီး Recurve အားကစားနည်းတွင် ထူးချွန်ဆုရ မလေးရှားအသင်းမှ Ms. Anbarasi Subramanian အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်နီလာသော်က လည်းကောင်း၊ အမျိုးသား Compound အားကစားနည်းတွင် ထူးချွန်ဆုရ မြန်မာအသင်းမှ ပေါ်ဦးအား မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကလည်းကောင်း၊ အမျိုးသား Recurveအားကစားနည်းတွင် ထူးချွန်ဆုရ မြန်မာအသင်းမှ ညီညီထွန်းအား ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

တံခွန်စိုက်ဆု

ယင်းနောက် နိုင်ငံအလိုက် တံခွန်စိုက်ဆုများကို ချီးမြှင့်ရာ ပထမတံခွန်စိုက်ဆု ရရှိသည့် အိမ်ရှင်မြန်မာနိုင်ငံအသင်း၊ ဒုတိယတံခွန်စိုက်ဆု ရရှိသည့် မလေးရှားအသင်းနှင့် တတိယတံခွန်စိုက် ဆုရရှိသည့် အင်ဒိုနီးရှားအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တံခွန်စိုက်ဆုများကို ချီးမြှင့်သည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိုင်ငံတကာမှ ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပြိုင်ပွဲဝင်အသင်းများအား အမှတ်တရ လက်ဆောင်များကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ကန်တော်ကလေး ထီးတန်းဓမ္မာရုံ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးထီးတန်းဓမ္မာရုံ၊ ရတနတ္တယ ဝေယျာဝစ္စ ဆွမ်းလောင်းအသင်း၏ (၈၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲအကြို တရားပွဲများကို ၁၃၆၆ခုနှစ်၊ ပြာသိုလဆန်း ၆ရက်(ဇန်နဝါရီ ၁၅)ရက်မှ ပြာသိုလဆန်း ၁၀ရက် (ဇန်နဝါရီ ၁၉ရက်)အထိ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၅ရက်တွင် အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၁၆ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၇ရက်တွင် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ ၁၈ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ၁၉ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အထက(သုဝဏ္ဏ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီတွင် သီရိသုဝဏ္ဏ ကျောင်းခန်းမ၌ ကျင်းပရာ အသက် (၅၅)နှစ်အထက် အငြိမ်းစားဆရာ၊ ဆရာမကြီး ၈၂ဦးအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့၍ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အထိမ်းအမှတ် ညစာစားပွဲကို ဇန်နဝါရီ ၁၀ရက် ညနေ ၆နာရီတွင် သုဝဏ္ဏစကိတ်ကွင်းရှိ Eagle Garden Restaurant တွင် ကျင်းပခဲ့ကြောင်းသိရသည်။ (က-ပ)

ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

မြဝတီ ဇန်နဝါရီ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်အတူ ကရင်ပြည်နယ် မြဝတီမြို့သို့ ဇန်နဝါရီ ၆ ရက်တွင် ရောက်ရှိသည်။

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေး လုပ်ငန်းများအား စစ်ဆေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၃၀၀၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ဝေ့ရှမ်း-ပေါလော ကျေးလက်ကျောက်ချောလမ်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးစိန်ဝင်းတို့က ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

၎င်းနောက် လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ အဆိုပါလမ်းသည် အရှည်ပေ ၂၃၈၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

မှာကြား

ဆက်လက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပန်းအလှပင်၊ အရိပ်ရပင်များ သတ်မှတ်အရေအတွက် ပြည့်မီအောင် ပျိုးထောင်စိုက်ပျိုးရန် မှာကြားခဲ့ကြောင်း သိရသည်။

(နယ်စပ်စည်ပင်)

ပတ္တမြားလမ်းကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်

မိုးကုတ် ဇန်နဝါရီ ၂

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ပတ္တမြားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ ပြင်ဦးလွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာ၊ ပန်းဖွားအက ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါလမ်းသည် ဗိတ်နွယ်-၂ ရပ်ကွက်အတွင်းမှ ပတ္တမြားလမ်း အပိုင်း(၁)အား ၂၀၀၃-၂၀၀၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေကို စည်ပင်ထည့်ဝင်ငွေကျပ် ၂၃ ဒသမ ၆၇ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၂၀ သိန်းဖြင့်လည်းကောင်း၊ ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ပတ္တမြားလမ်း အပိုင်း(၂)အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေကို စည်ပင်ထည့်ဝင်ငွေကျပ် ၁၄ ဒသမ ၁၄ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၈ ဒသမ ၉၆ သိန်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်စည်ပင်)

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်း (၁) ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ မြို့ပြ (၂) ဦးသိန်းနိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်ခိုင်ထွန်း၊ အငယ်တန်း အင်ဂျင်နီယာ(၃) ဦးအောင်လင်းတို့ အဖွဲ့ပိုင် မြို့တွင်းကဲ့ကော်လမ်းအား ဒီဇင်ဘာ ၂၁ ရက်က ကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဘုန်းမောင်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သန်းဝင်း၊ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမျိုးမင်းတို့ ဒီဇင်ဘာ ၂၅ ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ထားသည့် မြို့ပတ်အပိုင်းအား ဒီဇင်ဘာ ၃ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ရှင်းလင်းပြသစဉ်။

(နယ်စပ်စည်ပင်)

ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ပင်းတယ ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပင်းတယမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ပင်းတယ-ရွာငယ် ကျေးရွာသွား လမ်းပေါ်တွင် တည်ရှိသည့် ရွာငယ်တံတားအလျား ၈၅ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၃၂ ပေရှိ အောက်ခံသံကူ ကွန်ကရစ်တိုင်နှင့် ရက်မအပေါ်ကြမ်းခင်း သစ်သားခင်းခြင်းလုပ်ငန်း ပန္နတင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

၎င်းတံတားအား ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒု-အင်ဂျင်နီယာမှူးကြီး ဦးဗျားနို၊ ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁) မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပန္နက်တိုင် ရိုက်ပေးကြသည်။ **(နယ်စပ်စည်ပင်)**

စိမ်းလန်းစိုပြည်ရေးဆောင်ရွက်

ရေတာရှည် ဒီဇင်ဘာ ၂၃

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ရေတာရှည်မြို့နယ်၏ အနောက်ဘက်ခြမ်း ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် အဖိုးတန်ကျွန်းစိုက်ခင်းများနှင့် ပျဉ်းကတိုး၊ ပိတောက်၊ သစ်ဆိမ့်၊ ယူကလစ်ပင်များနှင့် အခြားပင်မျိုးစုံတို့ကို ၂၀၀၄-၂၀၀၅ ခုနှစ် မိုးရာသီ ဇူလိုင်လအတွင်း၌ စိုက်ပျိုးထားခဲ့ပြီးဖြစ်သည်။

စိုက်ပျိုးထားသည့် သစ်ပင်များအနက် ကျွန်းစိုက်ခင်းဧက ၁၃၀၀ အား မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဥက္ကာနှင့် တောအုပ်ကြီးများ၊ တောခေါင်းများက ကြိုးဝိုင်းကွင်းများအတွင်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိရာ ကျွန်းပင် ၉၅ ရာခိုင်နှုန်းကျော် ရှင်သန်ကြီးထွားလျက်ရှိသည်။ **(၁၄၁)**



ဇန်နဝါရီ ၃ ရက်က ကျင်းပသည့် အ လ က မလစ်(အနောက်) လှည်းကူးမြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် ပညာရေးစုံညီ ပွဲတော်နှင့် ပညာ ရည်ချွန်ဆုပေးပွဲတွင် ခြောက်နှစ် ဆက်တိုက် ထူးချွန်ဆု ရရှိခဲ့သော သတ္တမတန်းကျောင်းသူ မဟန်ဆုမွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက ဆုချီးမြှင့်စဉ်။

(က-ပ)

မာန်အောင်မြို့ စာတိုက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

(၅၈)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့ သုသမာစာရာအဖွဲ့၏ (၅၈) ကြိမ်မြောက် ပရိယတ္တိစာမေးပွဲကို ၁၃၆၆ ခုနှစ် နတ်တော်လဆန်း ၇ ရက်မှ ၁၄ ရက်ထိ မော်လမြိုင်မြို့ အမှုထမ်းပေါင်းစုံ မော်ကွန်းဓမ္မာရုံ (သုသမာစာရအဖွဲ့ ပရိယတ္တိစာမေးပွဲနှင့် ဆုနှင်းသဘင်ခန်းမဆောင်)ကြီးတွင် ကျင်းပသည်။

အဆိုပါ စာမေးပွဲတွင် မော်လမြိုင်မြို့ပေါ်ရှိ အနယ်နယ် အရပ်ရပ်မှ စာဖြေသံဃာ၊သီလရှင်စုစုပေါင်း ၂၂၁ ပါး အာဂုံပြန်စာမေးပွဲကို လာရောက်ဖြေဆိုပြီး ရေးဖြေစာမေးပွဲတွင် ၁၉၈ ပါး ဝင်ရောက် ဖြေဆိုကြသည်။

(၂၅၇)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာ ကျေးရွာဆိုင်းဘုတ်၊ မူလတန်းကြိုကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားများ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်း စံပြကျေးရွာ ကျေးရွာဆိုင်းဘုတ်၊ စံပြကျေးရွာမူလတန်းကြိုကျောင်းဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါ နေရာများ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်းစံပြ ကျေးရွာ ကျေးရွာဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၆ နာရီခွဲတွင် ကျေးရွာ ထိပ်ရှိ စံပြကျေးရွာဆိုင်းဘုတ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျေးရွာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သူဌေးကွင်း စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ သူဌေးကွင်း စံပြ ကျေးရွာ မူလတန်းကြိုကျောင်းဖွင့်ပွဲနှင့် အဆောက်အအုံ လွှဲပြောင်းပွဲ အခမ်းအနားကိုအဆိုပါကျောင်းရှေ့၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်စေရေး၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စံပြကျေးရွာများ ဖွင့်လှစ်နိုင်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဦးအောင်သန်းဦးက မူလတန်းကြိုကျောင်းဆောက်လုပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်အား ပေးအပ်သည်။

ဆက်လက်၍ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေးက စံပြကျေးရွာ မူလတန်းကြိုကျောင်းအတွက် ငွေပဒေသာပင် ၁၉ သိန်း စိုက်ထူလှူဒါန်းပေးကြသည့် ငွေကျပ် ခြောက်သိန်း အလှူရှင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဗဟိုပြည်နယ်နှင့် တိုင်းအသင်းခွဲများ၊ ငွေကျပ်သုံးသိန်း အလှူရှင်များဖြစ်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဦးအောင်သန်းဦး(ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း) ဒေါ်အေးမြင့်မိသားစု၊ ငွေကျပ်နှစ်သိန်း အလှူရှင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ပထမ ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီ၊ ငွေကျပ် တစ်သိန်းအလှူရှင်များ ဖြစ်ကြသော မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြစ်ရွှေဝါ လယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်နှင့် ဦးသန်းအေး-ဒေါ်ဝင်းကြည် မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အလှူရှင် ဦးအောင်သန်းဦးတို့က မူလတန်းကြို ကျောင်းဆောင်သစ်နှင့် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် မူလတန်းကြို ကျောင်းကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး မူလတန်းကြိုကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြ၍ ကလေးငယ်များ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များက ကလေးငယ်များအား ကစားစရာအရုပ်လက်ဆောင်များပေးအပ်ကြသည်။

ဆက်လက်၍ သူဌေးကွင်းစံပြ ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို နံနက် ၇နာရီတွင် အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ လှမြင့်နှင့် သူဌေးကွင်းစံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်တို့က ကျေးလက်ကျန်းမာရေးဌာနခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ သူဌေးကွင်း စံပြ ကျေးရွာ ပညာဘဏ်တိုက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့် အလှူရှင် ဒေါ်အေးမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးတင်အောင်သိန်းက လက်ခံရယူသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု ကြသည်။

ဆက်လက်၍ သူဌေးကွင်း စံပြ ကျေးရွာ စံပြဈေးသစ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် ဈေးဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်သိန်းတို့က ဈေးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဈေးအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဈေးရောင်းသူ၊ ဈေးဝယ်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (ရကတ)

အမှတ် ၂၀၀ အောက်မင်္ဂလာဒုံလမ်း ရွာမအရှေ့ အင်းစိန်မြို့နယ်နေ ဦးမြငွေ-ဒေါ်ကြည်လေး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးရွှေထိုက်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာပီဂျီအေဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. က အဓိကကူညီပံ့ပိုးသည့် ၂၀၀၄-၂၀၀၅ ခုနှစ် Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈နာရီတွင် ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်း ကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ပထမနေ့ပြိုင်ပွဲ၌ တတိယနေရာဖြင့်လိုက်ခဲ့သော ဇော်ပိုင်ဦး(Srixon)သည် ယနေ့လက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ(၇၄+၇၀)ပေါင်း ၁၄၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင်(Srixon)က (၇၂+၇၃) ပေါင်း ၁၄၅ချက်ဖြင့် ဒုတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နိုင်နိုင်လင်းက (၇၅+၇၃)နှင့် နေလင်းထွန်းက(၇၀+၇၈)ပေါင်း ၁၄၈ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။ သိန်းဇော်မြင့်က (၇၅+၇၄)ပေါင်း ၁၄၉ချက်ဖြင့် ဒုတိယလိုက်ပြီး ဇော်ဇင်ဝင်းက (၇၄+၇၆)ပေါင်း ၁၅၀ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသမီး Handicap (သုည မှ ၁၈)ချက်ရှိသူများ၏ ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲအပြီး၌ ခင်သူသူက Nett Total ၆၉ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ထိုက်ထိုက်နှင့် အေးအေးဆန်းတို့က ၇၂ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် AirMandalay ၊Myanmar Brewery Ltd.၊ Alpine Purified Drinking Water၊ KM Golf Centre၊Maruman၊ Tour Stage၊ Wilson၊ Srixon ၊ Grandslam (Musing Wear)၊ ACCEL InternationalCo., Ltd. (Canon)၊ Sunfar Travel and Tour ၊ Pan-West (Myanmar)၊ KASCO၊ Ping၊ Eastern-Pro၊ (Pro-Shop) များနှင့် Hanthawaddy Golf and Country Club တို့က အသီးသီး ထပ်မံ၍ ကူညီပံ့ပိုးကြကာ ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေး အတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

၂၀၀၄-၂၀၀၅ ခုနှစ် Myanmar PGA နှင့် MGF ဥက္ကဋ္ဌဖလား ဂေါက်သီး ရိုက်ပြိုင်ပွဲ Professional Golfersပြိုင်ပွဲတွင်လက်စွမ်းပြပြီး ဦးဆောင်ကစား လျက် ရှိသော ဇော်ပိုင်ဦး(Srixon)ပါဝင် ယှဉ်ပြိုင်နေစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အသိအမှတ်ပြုလွှာများလျှောက်ထားနိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် စံချိန်စံညွှန်းကိုက်ညီသည့် ကစားခုံများနှင့် နိုင်ငံတကာအဆင့်မီသည့် ဘိလိယက်ခုံများအတွက် ဘိလိယက်အသင်း အသိအမှတ်ပြုလွှာများ စီစဉ်ထုတ်ပေးလျက်ရှိရာ ဘိလိယက် Centreများနှင့် ဘိလိယက်ခုံပိုင်ရှင်များသည် တရားဝင်မှတ်ပုံတင်၍ အသိအမှတ်ပြုလွှာပြုလုပ်ကြရန်နှင့် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးသော ဘိလိယက် Centreများနှင့် ဘိလိယက်ခုံပိုင်ရှင်များသည် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ လာရောက်၍ သက်တမ်းတိုးမြှင့်ကြရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံဆရာဝန်အသင်း နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပညာအဖွဲ့၏ (၁၅)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံကို မတ် ၈ ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အကြိုအလုပ်ရုံ ဆွေးနွေးပွဲကို မတ် ၈ရက်တွင် လည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် သရုပ်ပြခွဲစိတ်မှုကို မတ် ၉ရက်တွင် ဗြိတိန်နိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာရော်ဘင်ယန်းနှင့်အဖွဲ့ကလည်းကောင်း ပြုလုပ်မည်ဖြစ်သည်။ ညီလာခံတွင်ခေတ်မီ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါနှင့်ဆိုင်သော ပြဿနာများကို တင်ပြဆွေးနွေးခြင်း၊ လည်ပင်းကြီး အကျိတ်ကင်ဆာရောဂါကို ကုသခြင်းအကြောင်း ဆွေးနွေးခြင်း၊ စာတမ်းဖတ်ကြားခြင်းများပါရှိမည် ဖြစ်သည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ) တင်းနစ်ပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်တံခွန်စိုက်ဒိုင်းဆွတ်ခူး

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ တင်းနစ်ကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ ဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ စစ်သည် များ၊ အိမ်ထောင်စုဝင်မိသားစုများ၊ အားကစား ဝါသနာရှင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြသည်။

အနိုင်ရရှိ

ရှေးဦးစွာတိုင်းမှူးနှင့် အဖွဲ့သည် ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်မျိုးလွင်ဦးနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်သန်းထိုက်တို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။ ရန်ကုန်တိုင်းအသင်းက နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိသည်။

ချီးမြှင့်

ထို့နောက်တိုင်းမှူးက ၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) တင်းနစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆွတ်ခူးသွားသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား တံခွန်စိုက်ဒိုင်း ပေးအပ် ချီးမြှင့်ပြီး**(အပေါ်ပုံ)** ပြိုင်ပွဲဝင် အားကစားသမားများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဒိုင်အဖွဲ့ဝင်များအား လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

(က-ပ)

(၁၉၆၉-၇၃)မြန်မာစာဘွဲ့ရကျောင်းသားများမြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တက္ကသိုလ် ၁၉၆၉-၇၃ ခုနှစ် မြန်မာစာ အဓိကဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာစာဌာနမှ အငြိမ်းစား ဆရာ၊ ဆရာမကြီး ၁၅ ဦးတို့အား တတိယအကြိမ်မြောက် ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉ နာရီတွင် အမှတ် ၂၂၁/၂၂၃ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီ၌ ပြုလုပ်မည်ဖြစ်ရာ ၁၉၆၉-၇၃ မြန်မာစာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဗိုလ်မှူးခင်စိုး (ငြိမ်း) ဖုန်း-၅၄၃၆၆၉၊ ဦးစိုးညွှန့် (တော်ဝင်နှင်းဆီ) ဖုန်း-၅၄၂၇၂၀၊ ဦးကြည်ထွန်း (ထန်လှိုင်) ဖုန်း- ၅၁၄၃၆၁၊ ဦးကျော်ဇေယျ ဖုန်း- ၀၉၅၀၀၇၈၄၉၊ ဦးမြတ်လှစိန် ဖုန်း-၅၃၅၂၇၈၊ ဦးစန်းမြင့် ဖုန်း-၂၀၀၀၁၉၊ ရီရီတာ ဖုန်း- ၅၇၁၅၈၄၊ ခင်ရွှေဦး ဖုန်း- ၅၆၆၁၃၁၊ နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀၊ နီနီဝင်း ဖုန်း-၅၂၆၉၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပေးအပ်လှူဒါန်း

တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ် ဓမ္မစိန္တာလမ်းအမှတ် (၁၄)နေ ဦးဝင်းမော်-ဒေါ်မြင့်မြင့်ဆွေ၊သားသမီးများနှင့် မြေးတစ်စုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ဒီဇင်ဘာ ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး စိန်ဖူးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်၊ ရွှေထီးတော်အသစ် တင်လှူပူဇော်မည် စေတီတော်ကြီး၏ ကိုယ်လုံးတော်အပြည့် ရွှေစင်သက်န်း ကပ်လှူပူဇော်မည်

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ နာဂဒတ္တမထေရ် သီတင်းသုံးတော်မူသောကြောင့် နာဂဒတ္တတောင်ဟု အမည်တော်ရှိခဲ့သော တောင်ထွတ်ပေါ်၌ မြန်မာသက္ကရာဇ် ၆၇၄ ခုနှစ်တွင် ဝိဇယပူရမည်သော ပင်းယမြို့ကို တည်ထောင်သော တစ်စီးရှင် သီဟသူမင်းလက်ထက် အမတ်ကြီး ဦးပုည တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်လေသည်။ ပင်းယတည် တစ်စီးရှင် သီဟသူသည် ပုဂံ၏ နောက်ဆုံးမင်းကျော်စွာ၏ မိဖုရားကြီးဖွားစောထံမှ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော် ခုနစ်ဆူ ရရှိခဲ့လေသည်။ သီဟသူ၏ ပင်းယမြို့သစ် နန်းသစ်ဖွင့်ပွဲတွင် ပုဂံ (ပြုဂါမ်)၏ နောက်ဆုံးမင်း နရသီဟပတိမင်း၏ မိဖုရားကြီးက အနော်ရထာမင်းကြီးလက်ထက်မှစ၍ မင်းခုနစ်ဆက် နန်းစဉ်ကိုးကွယ်ခဲ့သော သရီရဓာတ်တော် ခုနစ်ဆူကို သီဟသူအား လက်ဆောင်ပေးအပ်ခဲ့လေရာ ထိုဓာတ်တော်များကို ပုညအမတ်က သူ၏ စေတီတော်တွင် ဌာပနာခဲ့လေသည်။ ပင်းယ တစ်စီးရှင်သီဟသူ၏သားတော် ဇေယျပူရတိုင်း စစ်ကိုင်းတည် (၆၇၇) အသေင်္ခယာစောယွန်းက နန်းစဉ်ဓာတ်တော်များ ထည့်သွင်းဌာပနာခဲ့ရာ ပုညစေတီတော်ကို ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသီတင်းစဉ်ဆွမ်းတော်ကြီးတင်ဘုရားပွဲများကို သီတင်းကျွတ်လပြည့်အထိ တင်လှူပူဇော်ခဲ့ရာ ပုညစေတီတော်ကြီးမှာ ဆွမ်းတော်ပွဲတစ်ပွဲကို ဦးစွာအလှူခံရရှိတော်မူသဖြင့် ဆွမ်းဦးပုညရှင်ဟု အမည်တော်တွင်ခဲ့လေသည်။ သက္ကရာဇ် ၆၇၄ နှစ်တွင် တည်ထားခဲ့သော ဆွမ်းဦးပုညရှင် စေတီတော်သည် နှစ်ပေါင်း ၈၉၂ နှစ် သက်တော်ရှည်ခဲ့ပြီဖြစ်သည်။ ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသည့်အတွက် ထီးတော်ကြီး အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်း၊ စေတီတော်ကြီး၏အထက်ပိုင်း အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်းတို့ကြောင့် စေတီတော်ကြီးကို မွမ်းမံပြုပြင်ရန် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ အသစ်တင်လှူရန်လိုအပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအခါ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ ပါဝင်ပူးပေါင်း၍ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဦးဆောင်လျက် စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအသစ် တင်လှူပူဇော်ရန် အခြေခံလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုနှစ် တပို့တွဲလပြည့်နေ့၌ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်း စတင်ကပ်လှူရန်နှင့် တပေါင်းလပြည့်နေ့၌ ရွှေထီးတော်အသစ်တင်လှူရန် လျာထားဆောင်ရွက်နေကြပြီဖြစ်ပါသည်။

အခွင့်ကောင်းကို ချောင်းကြည့်နေကြသည့် အလှူရှင်အပေါင်းတို့-

(၁) ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ ဖုန်း-၀၇၂-၂၁၅၄၄

(၂) သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ ပြန်ကြားရေးဌာန ဖုန်း-၀၇၂-၂၁၆၁၁

(၃) သီတဂူဆရာတော်၊ ရန်ကုန်သီတဂူဓမ္မရိပ်သာ ဖုန်း-၀၁-၅၅၉၅၅၉

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စေတီလေးပါး တစ်ပါးပါးကိုပူဇော်ခြင်းသည် အသက်ထင်ရှားမြတ်ဘုရားအား ပူဇော်သည်နှင့်တူ၏။

သီတဂူစခန်းလပမာ ချမ်းမြသာယာရှိကြပါစေ။

ရေချိုငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အရည်အသွေးပြည့်မီရေး သဘောတူညီချက် လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ F.A.Oတို့ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ရေချိုငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အရည်အသွေး ပြည့်မီရေး စီမံကိန်း သဘောတူညီချက် (The Project Agreement on Addressing The Quality of Information on Inland Fisheries) **လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အားပေးသည်။**

လက်မှတ်ရေးထိုးပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Tang Zhen Pingတို့က စီမံကိန်းကာလအတွင်း ရရှိသော ရလဒ်များကိုအခြေခံ၍ ရေနေသက်ရှိသယံဇာတများ စနစ်တကျ ထုတ်ယူ သုံးစွဲနိုင်ရေး၊ ငါးလုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေနေသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်မည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး သဘောတူညီချက် စာချုပ်မှတ်တမ်းလွှာ များကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စီမံကိန်းကာလမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အထောက်အပံ့ဖြင့် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် စီမံကိန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဓမ္မာစရိယစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၅ ခုနှစ်အတွက် ကျင်းပမည့် ဓမ္မာစရိယ စာမေးပွဲကို ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ဧပြီ ၄ ရက်(တနင်္လာနေ့)မှ ၁၃၆၆ ခုနှစ် တန်ခူးလဆန်း ၄ရက် ဧပြီ ၁၂ ရက် (အင်္ဂါနေ့)အထိ ကိုးရက်တိုင် ကျင်းပမည်ဖြစ်သည်။

ယခုနှစ် ဓမ္မာစရိယတန်းတွင် ဖြေဆိုရမည့် ဘာသာရပ်များမှာ ယခင်နှစ် ပြဋ္ဌာန်းချက်များ အတိုင်းဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စာမူများပေးပို့နိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ "မေတ္တာစမ်းရည်" မဂ္ဂဇင်းအတွဲ(၁) အမှတ်(၄) အတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"မေတ္တာစမ်းရည်" မဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများသည် မိမိနှစ်သက်ရာ ကဏ္ဍများကို ရေးသားပြီး ဒေါက်တာဒေါ်တင်လင်းမြင့်(တာဝန်ခံစာတည်း) (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း) သံသုမာလမ်းနှင့် ပါရမီလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မလေးရှားနိုင်ငံ Petronas Co., ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့၌ ရောက်ရှိနေသော မလေးရှားနိုင်ငံ Petronas Co., ဥက္ကဋ္ဌ Tan Sri Dato Sri Mohd Hassan Marican နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မလေးရှားနိုင်ငံ Petronas Co., ဥက္ကဋ္ဌ Tan Sri Dato Sri Mohd Hassan Maricanနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၄–၁–၂၀၀၅

ဟားခါး

(–၁)ဒီဂရီစင်တီဂရိတ်

နမ့်ဆန်နှင့်ပြင်ဦးလွင်

၂ဒီဂရီစင်တီဂရိတ်

တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့၏ ယှဉ်ပြိုင်ကစားကြပုံများကို ဇန်နဝါရီ ၁၅ရက် ညနေ ၅နာရီ မိနစ် ၅၀မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ နှစ် (၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နှစ် (၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

အမှာစကားပြောကြား

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ် (၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)